# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်　　၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့　　အတွဲ (၆၃)၊ အမှတ်(၁၁၅)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုများ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အောက်တိုဘာ ၁၅ ရက်နေ့တွင် ကျင်းပမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ရန်ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




## ရေသည်အသက်၊ ရေသည်ရိက္ခာ

နှစ်စဉ်အောက်တိုဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization of the United Nations–FAO)က ကမကထပြု၍ နိုင်ငံအသီးသီးမှ အစိုးရများ၊ ရုံးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပခြင်းဖြစ်ရာ ယင်းနေ့သည် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော FAO ၏ မွေးနေ့လည်း ဖြစ်သည်။

ယခုနှစ်တွင် ကမ္ဘာတစ်ခွင်၌ အယ်နီညိုရာသီဥတုဖြစ်စဉ်သက်ရောက်လျက်ရှိပြီး ရာသီဥတုအပြောင်းအလဲကြောင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးတို့အပေါ်တွင် နိုင်ငံအသီးသီးတို့၌ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိသည်။ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် လူသားတို့ အသက်ရှင်သန်ရေးနှင့် အစားအစာထုတ်လုပ်ရေးတို့တွင် မပါမဖြစ် အဖိုးတန်အရင်းအမြစ်ဖြစ်သည်။ ရေနှင့်စပ်လျဉ်း၍ နိုင်ငံအသီးသီးတွင် အလေးဂရုပြုလာစေရန်အတွက် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်ကို “ Water is life, Water is food. Leave no one behind. ရေသည်အသက်၊ ရေသည်ရိက္ခာ၊ တစ်ဦးတစ်ယောက်မချန် ရရှိစေရာ” ဟူ၍ သတ်မှတ်ထားပြီး အသိပညာပေး လှုံ့ဆော်သွားမည်ဖြစ်သည်။

လူသားတို့ရှင်သန်နေထိုင်ရာ ကမ္ဘာကြီးကို ရေကမ္ဘာဟု ဆိုရလောက်အောင် ကမ္ဘာ့မျက်နှာပြင်၏ အများစုကို ရေထုဖြင့် ဖုံးလွှမ်းထားခြင်းဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ ၅၀ ရာခိုင်နှုန်းကျော်သည် အာပေါဓာတ်ခေါ် ရေဓာတ်ဖြင့်ဖွဲ့စည်းထားသကဲ့သို့ စားရေးအတွက်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းရာတွင်ဖြစ်စေ ရေနှင့်ကင်းသည်ဟူ၍မရှိ။ သို့ရာတွင် ဤမျှအရေးကြီးပြီး အဖိုးတန်သယံဇာတဖြစ်သည့် ရေကို လူသားတို့ အလေးအနက်ထားခြင်းမရှိဘဲ လွယ်လွယ်ကူကူသုံးစွဲ၍ လွယ်လွယ်ကူကူပင် စွန့်ပစ်နေကြသည်။ စင်စစ်အားဖြင့် ကမ္ဘာပေါ်ရှိ လူအားလုံးအနက် လူဦးရေသန်းပေါင်း ၂၄၀၀ တို့မှာ ရေအတွက် ရတက်ပွေရသောနိုင်ငံများတွင် နေနေကြရခြင်းဖြစ်သည်။ ဤသည်မှာ ကမ္ဘာ့လူဦးရေ ၁၀၀ လျှင် ၁၀ ယောက်နှုန်း ဖြစ်သည်။

မိမိတို့စားနေကြရသည့် အစားအစာများ၏ ၉၅ ရာခိုင်နှုန်းသည် မြေဆီလွှာနှင့်ရေကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ခြင်းမှ ရရှိသည်။ ကမ္ဘာ့ရေချိုပမာဏ၏ ၇၂ ရာခိုင်နှုန်းကို စိုက်ပျိုးရေးတွင် သုံးစွဲမှုမှ လျှော့ချနေရပြီး စက်မှုကုန်ထုတ်လုပ်ငန်းများက ၁၆ ရာခိုင်နှုန်းနှင့် မြို့ပြစည်ပင်လုပ်ငန်းများက ၁၂ ရာခိုင်နှုန်းကို သုံးစွဲနေကြသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ခွင် စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက်က ယခုထက် ၃၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာဦးမည်ဟု ခန့်မှန်းထားကြသည်။ သို့သော် ကမ္ဘာတစ်ဝန်းရှိ စားသုံးသူများကမူ နှစ်စဉ်အစားအစာတန်ချိန် တစ်ဘီလီယံ၏ ၁၇ ရာခိုင်နှုန်းကို သွန်ပစ်ဖြုန်းတီးနေကြရာ ၎င်းအစားအစာများ ထုတ်လုပ်စဉ်က သုံးစွဲခဲ့ရသည့် ရေအပါအဝင် အရင်းအမြစ်များစွာတို့ကို အလဟဿပြုနေကြခြင်းပင်ဖြစ်သည်။ ထို့ပြင် လူတို့သုံးစွဲပြီး စွန့်ပစ်လိုက်သည့် ရေဆိုးများ၏ ၈၀ ရာခိုင်နှုန်းကို ပြန်လည်သန့်စင်ခြင်းမပြုဘဲ ထုတ်လွှတ်ခြင်းဖြင့်လည်း ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြန်သည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းကာလ ကမ္ဘာတစ်ဝန်းတွင် ရေကြီးရေလျှံခြင်း ၁၃၄ ရာခိုင်နှုန်းနှင့် မိုးခေါင်ခြောက်သွေ့မှု ၂၉ ရာခိုင်နှုန်းအထိ အကြိမ်ရေအားဖြင့်ရော ကြာမြင့်ချိန်ကာလအရပါ ပိုမိုများပြားလာသည်။ ခရစ်နှစ် ၂၀၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များ၏ ၇၄ ရာခိုင်နှုန်းသည် ရေဘေးနှင့် မိုးခေါင်ခြောက်သွေ့ခြင်းတို့ဖြစ်ရာ ရေနှင့်ပတ်သက်သော အဆိုပါသဘာဝဘေးများကြောင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ အထိ စီးပွားရေးအရ ထိခိုက်ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။ ကမ္ဘာတစ်ခွင်ရှိ ရေနှင့်ပတ်သက်သော ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ၊ ဂေဟစနစ်များတည်ရှိရာ ရေဝပ်ဒေသများသည်လည်း သဘာဝသစ်တောများထက် သုံးဆပို၍ လျင်လျင်မြန်မြန် ပျောက်ကွယ်ဆုံးရှုံးလျက်ရှိရာ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀ ကနှင့် နှိုင်းယှဉ်လျှင် ၈၅ ရာခိုင်နှုန်း ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

လူနှင့်တကွ သက်ရှိဇီဝတို့ရှင်သန်ရာ ရေကမ္ဘာကြီးတွင် ရေသည်အသက်၊ ရေသည်ရိက္ခာဖြစ်သည်ကို လူတိုင်းသိရှိနားလည်ခြင်းဖြင့် အကန့်အသတ်ဖြင့်သာ ရှိနေသော အဖိုးတန်အရင်းအမြစ်ရေကို တန်ဖိုးထားနိုင်ကြပါစေကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့အနိမ့်ပိုင်းရပ်ကွက်များ၌ ရေကျန်ရှိမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတို့နှင့်အတူ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ အနိမ့်ပိုင်းရပ်ကွက်များ၌ ရေကျန်ရှိမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြစ် စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားသော်လည်း ရေတားပန်းတာ အပြင်ဘက်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ပဲခူးမြစ်နှင့် ဆက်စပ်လျက်ရှိသော ကျောက်တွင်းကုန်းရပ်ကွက်နှင့် ကျောက်ကြီးစုရပ်ကွက်တို့အတွင်း ရေကျန်ရှိမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုသည်။ ကျောက်ကြီးစုရပ်ကွက်အတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် ရေသန့်အခမဲ့ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခဲ့သည့် ကျောက်ကြီးစုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ဗိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ဖြစ်ပေါ်နိုင်လာသည့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ သန့်ရှင်းရေး ပြုလုပ်နေသူများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းလှိုင်ရပ်ကွက် အဓိကလမ်းမကြီးများအား သန့်ရှင်းရေးပြုလုပ်နေမှုနှင့် ရေကြီးနစ်မြုပ်ခဲ့သည့် ပဲခူးမြို့ မြို့မဈေးကြီး ပုံမှန်အတိုင်း ပြန်လည် ဖွင့်လှစ်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့ ရေဘေးအတွက် တိုင်းဒေသကြီးသဘာဝဘေးကွပ်ကဲမှုရုံးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျပ်သိန်း ၁၀၀၀၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ငါးခြောက်မျိုးစုံပိဿာ ၁၃၀၀၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ်သိန်း ၁၀၀ နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးမိသားစုက ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ ဆန်အိတ် ၁၀၀ တို့ကို ထောက်ပံ့လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## အူရီဒူးမြန်မာက ပဲခူးနှင့် လှည်းကူးမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအတွက် 2.7 GB ဒေတာအစီအစဉ်ကို ထပ်တိုးပံ့ပိုးပေး

**ရန်ကုန် အောက်တိုဘာ ၁၄**

အူရီဒူးမြန်မာသည် ပဲခူးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ ရေဘေးဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် ဆက်လက်ပံ့ပိုးပေးသည့်အနေဖြင့် 2.7 GB ဒေတာ (တစ်ရက်ကို 400MB နှင့် ခုနစ်ရက်စာ) ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်အထိ အသုံးပြုနိုင်ရန် အခမဲ့ထပ်တိုးပေးအပ်လိုက်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးကာလအတွင်း နေ့စဉ်အရေးကြီးသတင်းအချက်အလက်များ ပြတ်တောက်မှုမရှိစေရန်နှင့် အဆက်အသွယ်မပြတ်ရှိနေစေရန် အူရီဒူးမြန်မာက ခုနစ်ရက်တာ ဆက်တိုက်အသုံးပြုနိုင်သည့် နေ့စဉ်သုံးဒေတာများကို အခမဲ့ထည့်သွင်းပေးသွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ရေလွှမ်းမိုးမှုများ ပြင်းထန်စွာဖြစ်ပွားခဲ့သည့်အတွက် ရေဘေးဒဏ်ခံခဲ့ရသည့် ပဲခူးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ ပြည်သူများအား ၎င်းတို့၏ မိသားစု၊ မိတ်ဆွေများနှင့် အဆက်အသွယ်မပြတ်ရှိနေအောင် အမြန်ဆုံးကူညီပေးရန် အူရီဒူးမြန်မာက အောက်တိုဘာ ၁၀ ရက်က စတင်ပြီး အူရီဒူးအချင်းချင်း မိနစ် ၁၀၀ အခမဲ့ဖုန်းခေါ်ဆိုခွင့်ကို ချက်ချင်းပေးအပ်ခဲ့သည်။

အူရီဒူးမြန်မာက ရေဘေးဒဏ်ကြုံတွေ့ခံစားခဲ့ရသည့် ပြည်သူများ၏ အခက်အခဲများကို ထပ်တူသိရှိနားလည်ခံစားရပြီး တတ်နိုင်သည့်ကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိသည်။

အူရီဒူးမြန်မာအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုအကျိုးပြုလုပ်ငန်း အစီအစဉ်များစွာဖြင့် မြန်မာပြည်သူများ၏ လူမှုဘဝ တိုးတက်ကောင်းမွန်စေရန် တတ်အားသမျှ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာလင်း**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

❀ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက်အရေးကြီးသည့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့အခမ်းအနားကို အိန္ဒိယနိုင်ငံကိုယ်စား လာရောက်တက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် တစ်ဖက်တစ်လမ်းမှကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်၌ ခိုင်မာစွာရပ်တည်လျှောက်လှမ်းလျက်ရှိမှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှု၊ အိန္ဒိယနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ဆက်လက်ကူညီဆောင်ရွက်သွားမည့်အခြေအနေများနှင့် NCA အပေါ် အပြည့်အဝယုံကြည်လျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စုပေါင်းမှတ်တမ်းတင်**
**ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၁၄ ရက်က အင်းယားလိတ်ဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် တက်ရောက်၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး သဘာပတိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကြည်သိန်းကိုက ၂၀၁၇ - ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးသန်းရွှေက ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ၂၀၂၃- ၂၀၂၆ ခုနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသန်းထွဋ်တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင် ၅၇ ဦးတို့ကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၏ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခံ အလုပ်အမှုဆောင်အဖွဲ့သစ်ကိုယ်စား ဥက္ကဋ္ဌ ဦးရန်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၂၀၁၁ ခုနှစ် မေ ၅ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၄

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ အနီးရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Zagorskaya PSPP ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းရှိ Water Intake ၊ Observation Deck ၊ ၅၀၀ ကေဗွီ Switchyard၊ ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ ဓာတ်အားပေးစက်များနှင့် Control Room တို့ကို သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ Zagorskaya PSPP ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မော်စကိုမြို့အနီးတွင် တည်ရှိပြီး ကုညာမြစ်အား ရေတံခါးထိန်း ကိရိယာများဖြင့် အဖွင့်အပိတ် ဆောင်ရွက်၍ ရေထိန်းဧရိယာ 22.4 Million Cubic Meter (၁၈၁၆၀ ဧကပေ) ရှိကာ 1200 MW ကို နေ့စဉ် အမြင့်ဆုံးသုံးစွဲသည့်အချိန် လေးနာရီခန့်မောင်းနှင်ပြီး ညပိုင်းတွင် သုံးစွဲလည်ပတ် မောင်းနှင်ထားသောရေများကို Pump များဖြင့် ၁၀၀ မီတာအမြင့်ရှိ ရေထိန်းကန်အတွင်းသို့ပြန်လည်မောင်းနှင်ကာ အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်လျက်ရှိသော Pump Storage Type ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအမျိုးအစားဖြစ်သည်။

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် RusHydro ၏ Chief Expert of International Cooperation Department မှ Mr. Tatiana Ivankina (မစ္စတာ တာတီယားနား အီဗန်ကီးနား) က လျှပ်စစ်ဓာတ်အားပေး စက်ရုံအတွက်လိုအပ်သော တာဘိုင်ဂျနရေတာများ ထုတ်လုပ်နေခြင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာကူညီဆောင်ရွက်ခြင်း၊ ဒီဇိုင်းရေးဆွဲပေးခြင်း၊ တည်ဆောက်ရေးနည်းပညာများ ဖြန့်ဖြူးခြင်း၊ လူ့အင်အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းနှင့် ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် နည်းပညာအရဆောင်ရွက်ပေးခြင်းတို့ကိုလည်းကောင်း၊ ROSATOM မှ Project Manager Mr. Satin Ilya (မစ္စတာ စတင်အီးလီးယား) က အသေးစားရေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ပိုမိုပူးပေါင်း ဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရုရှားနိုင်ငံ အဆွေတော်တို့ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားပြီး သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ မော်စကိုမြို့ရှိ စွမ်းအင်ဆိုင်ရာကုမ္ပဏီများနှင့်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၄**

(၆) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (REW) သို့တက်ရောက်ခဲ့ပြီး ရုရှားနိုင်ငံ မော်စကိုမြို့၌ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် အဖွဲ့သည် ဖိုရမ်တက်ရောက်နေစဉ်ကာလအတွင်း ရုရှားနိုင်ငံတွင် ရေနံလုပ်ငန်းနှင့် ရေနံချက်လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီ လေးခုတို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်နည်းလမ်းများအပေါ် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံတကာစံနှုန်းမီ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာ အကူအညီပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာတွင် လူသုံးကုန်ထုတ်လုပ်မှုနည်းသင်တန်းဖွင့်လှစ်

**မောင်တော အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့တွင် အသေးစားစက်မှုလက်မှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လူသုံးကုန်ထုတ်လုပ်မှုနည်း သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ခရေမြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားရာတွင် ကျေးလက်နေမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ၍ လုပ်ငန်းများ ထူထောင်နိုင်ရေး၊ မိသားစုဝင်ငွေ တိုးပွားစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ရာ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ပို့ချပေးမည့်ဘာသာရပ်များအား နည်းပြများက လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို ပထမအကြိမ်အဖြစ် သင်တန်းသား ၁၅ ဦးဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ တစ်ပတ် ကြာမြင့်မည်ဖြစ်ရာ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၃၁ ရက်တွင် မွမ်းမံသင်တန်းကို ထပ်မံဖွင့်လှစ်ပို့ချပေးမည်ဖြစ်သဖြင့် သင်တန်းတွင် ထူးချွန်သင်တန်းသား ငါးဦးအား ရွေးချယ်၍ သင်တန်းသား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်း နှင့် တန်ဖိုးညီမျှသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



## လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းသို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kenbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်**

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မိုး/ဇလ

❍ *ကျောဖုံးမှ*

လူ့အခွင့်အရေးကောင်စီသည် တရားစွဲဆိုသည့် ယန္တရားထူထောင်ရန် လုပ်ပိုင်ခွင့်မရှိဘဲ ယင်း၏လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ IIMM ကို ထူထောင်ခဲ့သည်။ IIMM သည် လူ့အခွင့်အရေးကောင်စီ၏ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ပစ်မှတ်ထားသည့် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ရာ စတင်တည်ထောင်ချိန်မှအစပြု၍ IIMM ၏ လုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံက မည်သည့်အခါကမျှ အသိအမှတ်ပြုလက်ခံခြင်းမရှိခဲ့ပါ။ IIMM က စုဆောင်းခဲ့သည်ဟုဆိုသော သတင်းအချက်အလက်အပိုင်းအစ ၂၃ သန်းနှင့်ပတ်သက်၍ မည်သို့ စိစစ်သည်ကို ဖော်ပြထားခြင်းမရှိရာ ယင်းအချက်အလက်များ၏ မှန်ကန်မှုကို အတည်ပြုနိုင်ခြင်းမရှိပါ။ အစိုးရများထံမှ ထောက်ပံ့ငွေရယူခြင်းမပြုရန် ကုလသမဂ္ဂအထူးလုပ်ပိုင်ခွင့်ရရှိထားသူများအား တင်းကျပ်စွာတားမြစ်ထားသည့်တိုင် IIMM သည် အချို့သောအစိုးရများထံမှ ထောက်ပံ့ငွေများကို ပြောင်ပြောင်တင်းတင်းလက်ခံလျက်ရှိသည်။ သို့ဖြစ်ရာ IIMM သည် ၎င်းကို ဖန်တီးသူများ၏ ဆန္ဒနှင့်အညီ မြန်မာနိုင်ငံအပေါ် အကွက်ချအမှုဆင်ရန် အစီအမံသက်သက်သာဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအစီရင်ခံစာကို အပြန်အလှန်ဆွေးနွေးမှုမပြုလုပ်မီ အချိန်အနည်းငယ်အလိုမှထုတ်ပြန်ခဲ့ပြီး တုံ့ပြန်ရန် လုံလောက်သောအချိန်မပေးခဲ့ပါ။ အစီရင်ခံစာတွင် စွပ်စွဲထားသည့်ဖြစ်ရပ်များသည် အစိုးရကို ဆန့်ကျင်သည့်ရင်းမြစ်များ သို့မဟုတ် အကြမ်းဖက်သမားများကိုထောက်ခံသည့် သတင်းမီဒီယာများကို ကိုးကားထားကြောင်း တွေ့ရှိရသည်။ အစီရင်ခံစာတွင် အစိုးရမှပံ့ပိုးထားသည့် စိစစ်အတည်ပြုပြီးသော ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များကို ရည်ရွယ်ချက်ရှိရှိချန်လှပ်ထားပြီး စိစစ်ထားခြင်းမရှိသည့် စွပ်စွဲချက်များပေါင်းထည့်ထားသည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရသည်။

ကလေးသူငယ် ၂၂၈ ဦးနှင့် ဝန်ထမ်း ၂၇၄ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၆,၆၀၀ ကျော်ကို သတ်ဖြတ်မှုအတွက် တာဝန်ရှိသည့် NUG နှင့် PDF အကြမ်းဖက်အုပ်စုများက ကျူးလွန်သည့် အလွန်ဆိုးရွားသော ရာဇဝတ်မှုများကို မဟာမင်းကြီး၏ အစီရင်ခံစာတွင် သိသာစွာလျှော့ပေါ့ဖော်ပြခဲ့သည်။ ယင်းအကြမ်းဖက်အဖွဲ့အစည်းများ၏ ပြည်သူများကို ရက်စက်စွာသတ်ဖြတ်မှုများ၊ ၎င်းတို့ အချင်းချင်းအပြန်အလှန်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုသတင်းများ ကျယ်ပြန့်စွာထွက်ပေါ်လျက်ရှိသော်လည်း ဘက်လိုက်သောအစီရင်ခံစာရေးသားသူသည် ယင်းသို့သောသတင်းများကို အလေးမထားခဲ့ကြောင်း တွေ့ရှိရသည်။ NUG အကြမ်းဖက်များ၏ပယောဂကြောင့် လက်နက်ကိုင်လမ်းစဉ်ကို လိုက်ခဲ့ကြသော လူငယ်များသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ အစိုးရအနေဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်အထိ ၆၆၇ ဦးကို မိသားစုများနှင့် ပြန်လည်ပေါင်းစည်းပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်အားဖြည့်နိုင်ရန်အတွက်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် (၂၂)ကြိမ် ထုတ်ပြန်ခဲ့ပြီး အကျဉ်းသား/သူ စုစုပေါင်း ၇၆,၂၃၀ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ လူပေါင်း ၅၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရခြင်း၏ အကြောင်းရင်းမှာ ARSA ခေါ် အက္ခာမူလ်မူဂျာဟစ်ဒင်အဖွဲ့က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ပြီး ၎င်းတို့၏လမ်းစဉ်ကိုမလိုက်သော ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် မွတ်စလင်ဘာသာဝင်များကို သတ်ဖြတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းမှာ ယင်းတိုက်ခိုက်မှုများကြောင့်သာဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် စိစစ်အတည်ပြုပြီးသော ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းကြိုးပမ်းမှုများကို ထိခိုက်စေရန်ဦးတည်သည့် မဟာမင်းကြီး၏အားထုတ်မှုများသည် သင့်လျော်မှုမရှိပါ။ မြန်မာနိုင်ငံ၏သမိုင်းနှင့် ဥပဒေအပါအဝင် အထောက်အထားမှတ်တမ်းများတွင် မည်သည့်အခါကမျှ ပါဝင်ခဲ့ခြင်းမရှိသည့် "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းကို အသိအမှတ်မပြုသည့်ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြအပ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံတကာတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်သက်ရောက်မှုမျှမရှိသည့်တိုင် မဟာမင်းကြီးသည် ၎င်း၏အစီရင်ခံစာတွင် မြန်မာကိစ္စအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပို့ရေးအပါအဝင် ဆီလျော်မှုမရှိသည့် သုံးသပ်အကြံပြုချက်များကို ထည့်သွင်းရေးသားခဲ့သည်။ သို့ဖြစ်၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် နိုင်ငံအချို့၏ ယင်းကဲ့သို့ လျော်ကန်မှုမရှိသည့် ရည်ညွှန်းပြောဆိုချက်များကို ခြွင်းချက်မရှိပယ်ချလိုက်သည်။

အပြန်အလှန်ဆွေးနွေးမှုများအတွင်း မြန်မာနိုင်ငံအပေါ် နားလည်ပေးပြီး အပြုသဘောရပ်တည်မှုပေးခဲ့သည့် နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ ဂျီနီဗာမြို့ရှိမြန်မာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးသည် သက်ဆိုင်ရာအပြန်အလှန်ဆွေးနွေးမှုအသီးသီးအပေါ် တုံ့ပြန်မှုပြုလုပ်ခဲ့ပြီးဖြစ်ရာ အသေးစိတ်ကို အဖွဲ့ရုံး၏ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၄ ရက်**

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။





အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဧရာဝတီတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အောက်မြန်မာပြည်ခုံသမာဓိအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးရန် လိုအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ရုံ၊ အလုပ်ရုံများ ထူထောင်လာသည်နှင့်အမျှ အလုပ်သမားရေးရာ အငြင်းပွားမှုများလည်း မလွဲမသွေရှိနေမည်ဖြစ်သည့်အတွက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြဋ္ဌာန်းထားပြီး ယင်းဥပဒေအရ Tripartite အဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးကြီးလာခြင်းကြောင့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်နေသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီအဖွဲ့ဝင်များအနေဖြင့် အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေခြင်း၊ ကြားနာစစ်ဆေးဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် မိမိသည် အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သည်၊ အလုပ်သမားကိုယ်စားလှယ်ဖြစ်သည်ဆိုသည့် အဖွဲ့အစည်းစွဲမထားဘဲ ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးရန် လိုအပ်ကြောင်း၊ ညှိနှိုင်းဖျန်ဖြေသူများအနေဖြင့် အငြင်းပွားသူ နှစ်ဖက်အကြား Win Win Situation ဖြစ်စေမည့်ရလဒ်ရရှိရေး ဖျန်ဖြေပေးရန်နှင့် ခုံသမာဓိဖြင့် ဆုံးဖြတ်ဆောင်ရွက်သူများအနေဖြင့်လည်း အငြင်းပွားသူ အလုပ်ရှင်၊ အလုပ်သမားများအကြား နှစ်ဖက်သမာသမတ်ကျစွာနှင့် မျှတစွာဆုံးဖြတ်ရန် လိုအပ်ကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်သိမှု၊ တာဝန်ယူမှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီးနှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


**အပြန်အလှန်ဆွေးနွေး**

မွန်းလွဲပိုင်းတွင် နှီးနှောဖလှယ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် စည်းကြပ်သည့်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသောစိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အုပ်စု (၃) စုဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးခြင်းများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီးရှိ ဆေးရုံတက် လူနာများအား အာဟာရပြည့်အစားအစာများလှူဒါန်း

**မင်းတပ် အောက်တိုဘာ ၁၄**

မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီး ဆေးရုံဆောင်အတွင်းနှင့် အပြင်သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ခြင်းနှင့် ဆေးရုံတက်လူနာများအား အာဟာရပြည့်အစားအစာများ လှူဒါန်းခြင်းကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လှူဒါန်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



**ကိုကိုရှုပ**

## မိုင်းရယ်မြို့နယ်၌ ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှုကွင်းဆင်းစစ်ဆေး

**မိုင်းရယ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ အလျား ပေ ၅၀၊ အကျယ် ပေ ၃၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများအနက် ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၈ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၀၀ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၈၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

# ပွဲတင်ထပ်နေသော ငြိမ်းချမ်းရေးဖိတ်ခေါ်သံများ

သီဟစည်သူ

**မိမိတို့မြန်မာနိုင်ငံသားများသည် စိတ်အေးချမ်းသာယာမှုကို မြတ်နိုးကြသည်။ မရှိလည်း အေး၊ ရှိလည်းအေး ငြိမ်းငြိမ်းချမ်းချမ်းနေလိုကြသည်။ သို့သော် ထိုသို့ မနေရပါချေ။ ခေတ်အဆက်ဆက် လက်နက်ကိုင် ပဋိပက္ခများကြောင့် မျက်ရည်ပေါက် ကြီးငယ်ကျခဲ့ကြရသည်။ အထုပ်ကိုယ်စီဆွဲ၍ ပြေးခဲ့လွှားခဲ့ကြရဖူးသည်။ ယခုတိုင်လည်း ဤဒုက္ခမျိုး ငြိမ်းကြပြီဟု မဆိုနိုင်သေးပေ။**

❖ **“ပြည်ထောင်စု လက္ခဏာဆိုသည်မှာ စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စုဖြစ်သည်” ဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုသို့ တစ်ခုတည်းသော ပြည်ထောင်စုအဖြစ် အတူတကွ ပေါင်းစည်းနေထိုင်ဖို့ သဟဇာတဖြစ်ဖို့အတွက် လိုက်နာရမည့်တာဝန်များ၊ စောင့်ထိန်းရမည့်ဝတ္တရားများ၊ ရရှိလာမည့် အခွင့်အရေးများ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် တည်ဆောက်ကြရာတွင် လက်ရှိရင်ဆိုင်နေရသည့် အဓိကပြဿနာမှာ နိုင်ငံရေးပြဿနာပင် ဖြစ်သည်။ ထိုပြဿနာကို ဖြေရှင်းရေးသည် လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်း၍ မရနိုင်ဘဲ ဒီမိုကရေစီနည်းလမ်းဖြစ်သည့် ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် “၂၁ ရာစု နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်” ကို ဖော်ဆောင်ပြီး ဘုံသဘောတူညီချက်များရရှိအောင် ဆက်လက်လုပ်ဆောင်သွားကြရမည်**

လက်ရှိတောက်လောင်နေဆဲ ဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ယခင်ကိုလိုနီလက်ထက်ကတည်းက ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် ဖြစ်သည်။ ထိုသို့ သွေးခွဲအုပ်ချုပ်မှု၏ အကျိုးဆက်များကြောင့် တိုင်းရင်းသားချင်း၊ လူမျိုးစုချင်းအကြား သွေးကွဲခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားအရေးကွဲပြားမှု၊ အယူဝါဒရေးကွဲပြားမှုများမှ တစ်ဆင့် အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင်ဆန့်ကျင်မှုများမှာ ယနေ့တိုင်တည်ရှိနေသော လက်နက်ကိုင်ပဋိပက္ခများ၏ အခြေခံဇာစ်မြစ်ပင် ဖြစ်သည်။

## ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထား

(၇၅)နှစ်တည်းဟူသော အချိန်ကာလသည် ငြိမ်းချမ်းရေးသာရနေမည်ဆိုပါက ကိုယ့်နိုင်ငံ ရေမြေသဘာဝ၊ အခြေခံသယံဇာတအရင်းအမြစ်များနှင့် ဆိုလျှင်နိုင်ငံဖွံ့ဖြိုးရေးသည်အတိုင်းအတာတစ်ခုအထိ ခရီးပေါက်နေမည်ဆိုသည်ကို မှန်းဆကြည့်လျှင် မြင်နိုင်မည် ဖြစ်သည်။ ငြိမ်းချမ်းရေးသာရမည်ဆိုပါက အတိုင်းထက်အလွန် လိုချင်ကြသူများသာ ဖြစ်သည်။ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သည်ရှိသလို လက်ရှိကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် **“နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်”** ဟူ၍လည်းကောင်း၊ **“စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်”** ဟူ၍လည်းကောင်း အတိအလင်းကြေညာပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပေးလျက်ရှိပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ဖြစ်သည့် ကရင် အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU–KNLA–PC)၊ ချင်းအမျိုးသား တပ်ဦး(CNF)၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် (DKBA)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့အကြား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြည်တွင်း၊ ပြည်ပ အသိသက်သေများရှေ့မှောက်တွင် သဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)နှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် (၁၀) ဖွဲ့အထိ NCA တွင် ပါဝင်လာခဲ့သည်။ ထို့ကြောင့် အောက်တိုဘာ ၁၅ ရက်နေ့သည့် NCA စာချုပ်လက်မှတ်ရေးထိုးခဲ့သည့် (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ပင်ဖြစ်သည်။

❑ **လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက် အစိုးရများမှသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်အထိ ပွဲတင်ထပ်မျှ ဖိတ်ခေါ်လျက်ရှိသော ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မာမာရပ်တည်၍ နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေး ဆောင်ရွက်ကြရာ၌ ဟိုးယခင်ကရှိခဲ့သည့် အတွေးအမြင်များကို ခေတ်စနစ်နှင့်လျော်ညီသည့် အတွေးအမြင်များဖြင့် အစားထိုးပြီး လူမျိုးစွဲ၊ ဝါဒစွဲများကို စွန့်လွှတ်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးတို့ကို ရှေးရှုချီတက်ကြရမည် ဖြစ်ပါကြောင်း**

## ငြိမ်းချမ်းရေး သန္နိဋ္ဌာန်

ယင်း NCA စာချုပ်၏ နိဒါန်းတွင် **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယခင်ချုပ်ဆိုခဲ့သော သဘောတူချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး၊ ပါဝင်သင့်သူအားလုံး ပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ် အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။**

**ဤတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန် သန္နိဋ္ဌာန်ပြုကြသည်။”** ဟူ၍ ပါရှိသည်။

သို့သော်လည်း NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသည့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်၏ နိုင်ငံတော် တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး NCA သဘောတူညီချက်များကို ချိုးဖောက်ခဲ့သဖြင့် NCA စာချုပ် ပျက်ပြယ်ပြီဟု အခြေအမြစ်မရှိ ပြောဆိုမှုများရှိလာသည်။

ယင်းကိစ္စနှင့် ပတ်သက်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်၍ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရေး တပ်မတော်အနေဖြင့် အမြဲဖိတ်ခေါ်လမ်းဖွင့်ထားကြောင်း”** NCA အပေါ် သဘောထားကို အတိအလင်းပြောကြားထားပြီး ဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရှိရေးအတွက် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံနေသည့် အဖွဲ့များမှလွဲ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချမှတ်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်မည်ဟုလည်း ထပ်ဖန်တလဲလဲ ပြောကြားထားပြီးဖြစ်သလို ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေဆဲပင်ဖြစ်သည်။

## ပြည်ထောင်စု လက္ခဏာ

စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟုဆိုရာတွင် ဖက်ဒရယ်စနစ်နှင့် ပြည်ထောင်စု၏ အဓိပ္ပာယ်ကို အမျိုးမျိုးဖွင့်ဆိုကြသည်။ အမှန်စင်စစ် ယင်း၏အနှစ်သာရမှာ “ပေါင်းစည်းခြင်း” နှင့် “သဟဇာတဖြစ်မှု” ပင် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုခဲ့သည့် ပြည်ထောင်စု သဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)၏ အပိုင်း(၁)ပါ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များတွင်လည်း **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသား လက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာ တစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်”** ဟုပါရှိသည်။

ထိုသဘောတူညီချက်ပါ “ပြည်ထောင်စု လက္ခဏာဆိုသည်မှာ စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စုဖြစ်သည်” ဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုသို့ တစ်ခုတည်းသော ပြည်ထောင်စုအဖြစ် အတူတကွ ပေါင်းစည်းနေထိုင်ဖို့၊ သဟဇာတဖြစ်ဖို့အတွက် လိုက်နာရမည့် တာဝန်များ၊ စောင့်ထိန်းရမည့်ဝတ္တရားများ၊ ရရှိလာမည့် အခွင့်အရေးများ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် တည်ဆောက်ကြရာတွင် လက်ရှိရင်ဆိုင်နေရသည့် အဓိကပြဿနာမှာ နိုင်ငံရေးပြဿနာပင်ဖြစ်သည်။ ထိုပြဿနာကို ဖြေရှင်းရေးသည် လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်း၍မရနိုင်ဘဲ ဒီမိုကရေစီနည်းလမ်းဖြစ်သည့် ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် “၂၁ ရာစု နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်” ကို ဖော်ဆောင်ပြီး ဘုံသဘောတူညီချက်များရရှိအောင် ဆက်လက်လုပ်ဆောင်သွားကြရမည် ဖြစ်သည်။

## အစွမ်းထက်ဆုံး လက်နက်

ငြိမ်းချမ်းရေးဖခင်ကြီး မဟတ္တမဂန္ဒီက **“ငြိမ်းချမ်းရေးသည် လူသားတို့အတွက် အစွမ်းထက်ဆုံး လက်နက်ဖြစ်သည်– Peace is the most powerful weapon of mankind.”** ဟု ဆိုခဲ့သည်။ ထို့ကြောင့် NCA စာချုပ်သည် လက်နက်ကိုင် လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကို အခြေခံသည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းတစ်ခုပင်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက် ခေတ်အဆက်ဆက် အစိုးရများမှသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်အထိ ပွဲတင်ထပ်မျှ ဖိတ်ခေါ်လျက်ရှိသော ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မာမာရပ်တည်၍ နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေး ဆောင်ရွက်ကြရာ၌ ဟိုးယခင်ကရှိခဲ့သည့် အတွေးအမြင်များကို ခေတ်စနစ်နှင့်လျော်ညီသည့် အတွေးအမြင်များဖြင့် အစားထိုးပြီး လူမျိုးစွဲ၊ ဝါဒစွဲများကို စွန့်လွှတ်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေးတို့ကို ရှေးရှုချီတက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ကမ်းလှမ်းမေတ္တာ စမ်းရေပမာ

( ၁ )
အမြောက်ဗုံးဆံ၊ သေနတ်သံနှင့်
ဆူညံအော်ထား၊ ပေါက်ကွဲကြားမှ
ပစ်အားသုံးကာ၊ တက်လာဟန်ကြောင့်
အပြန်အလှန်၊ အားသွင်းမာန်သည်
ခံစစ်တိုက်စစ်၊ ခုခံပစ်ရင်း
စစ်ပွဲကြာညောင်း၊ ဖြစ်ခဲ့ကြောင်းလျှင်
နှစ်ပေါင်းခုနစ်ဆယ် ကြာခဲ့ပြီ...။
( ၂ )
စစ်၏ဘေးဒဏ်၊ မကောင်းဟန်က
သေဒဏ်လည်းရောက်၊ အသက်ပျောက်၍
ဖြတ်တောက်ခြေလက်၊ အကျိုးဆက်နှင့်
တိုးတက်မှုများ၊ ပျောက်ကွယ်သွား၍
များစွာတိုင်းရင်းသား၊ စစ်ရှောင်သွားရင်း
ရွာအားစွန့်ခွာ၊ ထားခဲ့ပါ၍
ကြုံရာနေကာ၊ လုပ်ကိုင်ပါရင်း
များစွာဒုက္ခ ရောက်ခဲ့ကြ...။
( ၃ )
ကျောင်းတွေလည်းပိတ်၊ စာအံသံတိတ်၍
စိတ်အားလည်းငယ်၊ ကလေးအရွယ်တို့
ပျောက်ကွယ်လမ်းမှန်၊ စစ်၏ဒဏ်နှင့်
မမှန်နေရာ၊ ရောက်သွားပါသည်
အနာဂတ်အရေး၊ ရှေ့မျှော်တွေးသော်
ရင်လေးဖွယ်ရာ၊ ကံကြမ္မာကြောင့်
စိတ်မှာပူသည် နှစ်ကြာရှည်...။
( ၄ )
အမျိုးမျိုးသော၊ ခေါင်းစဉ်ပြော၍
အမောဖြင့်သာ၊ ရပ်တည်လာကြ
ရပ်ကာအပစ်၊ လမ်းစဉ်သစ်ဖြင့်
မဖြစ်ဖြစ်အောင်၊ မူနှင့်ဘောင်နှင့်
စွမ်းဆောင်ကြိုးစား၊ ဆွေးနွေးထားလည်း
တားမြစ်စည်းကမ်း၊ သွေဖီလှမ်းကာ
လျှောက်လမ်းမတူ၊ ရှိပါမူလည်း
မတူတာဘေးဖယ်၊ တူညီဖွယ်ကို
လက်ဝယ်ကမ်းလှမ်း၊ သပြေပန်းဖြင့်
ကမ်းလင့်ကြိုလည်း၊ သူလမ်းလွဲ၍
ပစ်မြဲပစ်ခါ နှစ်တွေကြာ . . .။
( ၅ )
ဩော် . . .
သင်တို့လျှောက်လမ်း၊ ပြန်၍မှန်းကြည့်
ငြိမ်းချမ်းရေးပန်း၊ ခူးဆွတ်လှမ်းလည်း
ဖြတ်သန်းလျှောက်ရာ၊ ခရီးမှာဖြင့်
များစွာတိုက်ပွဲ၊ ဆင်ကာနွှဲ၍
သင်လည်းအကျိုး၊ ထပ်မတိုးတည့်
အမျိုးမျိုးသာ၊ အကြောင်းရှာသော်
ဘာမှမတိုးတက်၊ အလွန်ခက်လျက်
ဆက်တိုက်ခိုက်နေ၊ယမ်းငွေ့ဝေ၍
သေသူလည်းသေ၊ ကြေသူကြေကြောင့်
ပေးဝေမေတ္တာ၊ စမ်းရေပမာကို
ကြည်သာပြုံးရွှင်၊ သောက်ဟန်ပြင်ရင်း
ချစ်ခင်နှလုံးသား၊ အပြုံးများဖြင့်
တွဲထားညီညီ ရှေ့ဆက်ချီ။
NCA ခရီးသည် တည်တံ့မည်။ ။

*(၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် ကျရောက်သော NCA ( ၈ )နှစ်မြောက်နေ့သို့ ဂုဏ်ပြုလျက်)*

**ရဲမင်းစိုး**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် ( ၁၁ / ၂၀၂၃)

၁။ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားများအနေဖြင့် အပြည့်အဝ ခံစားနိုင်ခြင်း မရှိခဲ့၍ နိုင်ငံတော် အစိုးရအဆက်ဆက် တာဝန်ရှိသူများက ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင်မူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ကို နိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ အဆိုပါ သဘောတူစာချုပ်ကို ကုလသမဂ္ဂအပါအဝင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းကိုယ်စားလှယ်များက အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ ကမ္ဘာ့နိုင်ငံများက ကြိုဆိုထောက်ခံခြင်း၊ NCA ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ခြင်းတို့သည် မြန်မာ့သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ ယနေ့တွင် NCA (၈) နှစ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂။ တိုင်းသူပြည်သားများ၏ အေးချမ်းသာယာသော ဘဝနေထိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတိုင်း၏ မွန်မြတ်သော တာဝန်တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြု၍ ကမ္ဘာပေါ်ရှိ လူသားများသည် ထိုမွန်မြတ်သော ငြိမ်းချမ်းရေး ရပိုင်ခွင့်ရှိကြောင်းကို ၁၉၈၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၉/၁၁ ဖြင့် ငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration on the Right of Peoples to Peace) တွင် လေးနက်စွာ ကြေညာထားပါသည်။ ထို့ပြင် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၃၈ တွင်လည်း အာဆီယံ နိုင်ငံများရှိ ပြည်သူအားလုံးနှင့် လူတိုင်းတွင် ငြိမ်းချမ်းရေးကို ရရှိခံစားခွင့်ရှိကြောင်း ဖော်ပြထားပါသည်။

၃။ လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးသည် ငြိမ်းချမ်းရေးကို ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းအား အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေး အပြည့်အဝ ခံစားခွင့်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေး ရရှိမှသာလျှင် နိုင်ငံသားအားလုံး၏ အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး တန်းတူညီမျှမှု၊ တရားမျှတမှု အခွင့်အရေးများ ခံစားနိုင်ရေးတို့အတွက် NCA လုပ်ငန်းစဉ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျှော်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရန်ကိုလည်း အထောက်အပံ့ဖြစ်စေမည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မျှော်လင့်ပါကြောင်းနှင့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

## မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁၁၇) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တိုင်းဒေသကြီးအမှုတွဲခန်း(ကျောက်တိုက်)ဖွင့်လှစ်




**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁၁၇) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးအမှုတွဲခန်း (ကျောက်တိုက်)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က ချမ်းမြသာစည်မြို့နယ် အဆိုပါရုံးရှိ ကျောက်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး အမှုတွဲခန်း (ကျောက်တိုက်) အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းသတင်း အချက်အလက်များနှင့် ပတ်သက်သည့် ဆောင်ရွက်ရသော မြေတိုင်းတာပြီးရရှိသည့် မြေပုံများ၊ မြေပုံနှင့်ပတ်သက်သော မှတ်ပုံတင်စာရင်းများ၊ သီးနှံစာရင်းများ၊ မှတ်တမ်း အထောက်အထားများကို စနစ်တကျ မှတ်ပုံတင်စာအုပ်များဖြင့် စာရင်းပြုစု၍ မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်နှစ်ကာလကြာရှည်စွာ ထိန်းသိမ်းထားရှိရန်အတွက် ဆောက်လုပ်ထားသည့် အမှုတွဲခန်း (ကျောက်တိုက်) အသစ် ဖြစ်ပါကြောင်း၊ အမှုတွဲခန်းကို သဘာဝဘေးအန္တရာယ်မှ လုံခြုံ၍ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆောက်လုပ်ထားပြီး ရေရှည်ထိန်းသိမ်းရမည့် စာရွက်စာတမ်းများကို ပျက်စီး၊ ဆုံးရှုံးမှုမဖြစ်စေရေး ထားသိုသိမ်းဆည်းပြီး ဌာန၏ မော်ကွန်းတိုက်တစ်ခုကဲ့သို့ အသုံးချစေခြင်းဖြင့် ဌာန၏လုပ်ငန်းဆိုင်ရာများကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ဌာနစတင်ဖွဲ့စည်းခဲ့သည့် ကိုလိုနီခေတ်မှစ၍ အမှုတွဲခန်း (ကျောက်တိုက်) အဆောက်အအုံများ ဆောက်လုပ်အသုံးပြုခဲ့သည်မှာ ယနေ့ထိတိုင် နှစ်ပေါင်း(၁၁၇) နှစ်တိုင် ရှိပြီဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှုတွဲခန်း (ကျောက်တိုက်) ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောက်တိုက် တည်ဆောက်ခဲ့သော တင်ဒါအောင် ကုမ္ပဏီမှ တာဝန်ရှိသူက အဆောက်အအုံနှင့် ပတ်သက်၍ စာရွက်စာတမ်းများကို ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က ကျောက်တိုက် တည်ဆောက်မှု အရည်အသွေး စစ်ဆေးရေးအဖွဲ့အား အမှတ်တရလက်ဆောင် ပေးအပ်သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှုတွဲခန်းအတွင်း စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ (၁၁၇) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အဖြစ် ပြသထားသည့် ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် မြေတိုင်းပစ္စည်းများနှင့် ခေတ်နှင့်အညီ အသုံးပြုနေသည့် မြေတိုင်း စက်ပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့မှ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံဝန်းကျင်၌ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး သစ်ပင်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး တို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



**တွေ့ဆုံအားပေး**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဗ္ဗသီရိမြို့နယ် ပုဇွန်ဆိပ်ကျေးရွာနှင့် ကျွန်းတောကြီးကျေးရွာရှိ ဒေသခံပြည်သူ နှစ်ဦး၏ သုံးပင်ပတ်လည်၊ သွပ်မိုး၊ ဝါးထရံကာနေအိမ်များအား ရုတ်တရက်တောင်ကျချောင်းရေတိုက်စားပြီး ရွာသားတစ်ဦး၏ ဇနီးနှင့် သမီး တောင်ကျချောင်းရေနှင့်အတူ မျောပါသွားသည့်နေရာသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ဆန်အိတ်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ငွေကျပ် ၈၀၄၂၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပုံးနှစ်ပုံး၊ အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ကြိုးများနှင့် ဆပ်ပြာတောင့်များ ထောက်ပံ့ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ဆင်သေရေလွှဲဆည်သို့ ရောက်ရှိ၍ ဆည်၏ကြံ့ခိုင်မှုနှင့် ဆည်အတွင်း ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုပြီး ရေလွှဲဆည်ကြံ့ခိုင်ရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါဆင်သေရေလွှဲဆည်အနေဖြင့် ပုံမှန်အနက် ပေ ၂၀ ရှိရမည်ဖြစ်ကာ ဆည်၏ဒီဇိုင်းပြု ရေထုထည်စီးနှုန်းသည် တစ်စက္ကန့်လျှင် ဖ၈၁၂၉ ကုဗပေ ရေစီးဆင်းနိုင်ပြီး ယခုအချိန်တွင် တစ်စက္ကန့်လျှင် ၂၅၀၀ ကုဗပေခန့်သာ စီးဆင်းနေသဖြင့် အန္တရာယ်မရှိကြောင်းနှင့် စိုးရိမ်စရာမရှိကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ရေတွင်းဖြူကျေးရွာရှိ ရွှေဟိန်းအဆင့်မြင့်ဆန်စက်သို့ သွားရောက်၍ ဆန်စပါးများ ကြိတ်ခွဲနေမှု၊ စပါး၊ ပြောင်း အခြောက်ခံစက်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထုတ်ကုန်များ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ကြည့်ရှုပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကုန်ထုတ်စွမ်းအား မြင့်မားစေရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

**ဖူးမြော်ကြည်ညို**

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ်ရှိ နဝင်းချောင်းရေစီးဆင်းနေမှုကို သွားရောက်ကြည့်ရှုပြီး သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသ အား သွားရောက်ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူများကိုယ်တိုင် ပါဝင်ဆွေးနွေးသည့် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

တောင်သူ လယ်သမားများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေရန် ရာသီဥတုဒဏ်၊ ရောဂါပိုးမွှားဒဏ် ခံနိုင်ပြီး အသက်လျင်သော စပါး မျိုးများ၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ပြီး အပင် ယိုင်လဲခြင်းမရှိသော စပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး



နှင့် လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် နည်းပညာလိုအပ်ချက်များ ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်၊ ကြိုးပမ်းအားထုတ်မြှင့်တင်ဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က တိုက်တွန်း ပြောကြားသည်။

**နည်းပညာဆွေးနွေး**

ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် (၁၁)ကြိမ်မြောက် တောင်သူ နည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum) တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

**အကျိုးအမြတ်ပိုမိုရရှိ**

(၁၁) ကြိမ်မြောက် ကျင်းပသည့် တောင်သူ နည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum)တွင် စပါး -ငါး စိုက်ပျိုးမွေးမြူရေး (Integrated Paddy-Cum-Fish culture) နှင့်ပတ်သက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်တစ်ဦးက ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသည့်တောင်သူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ လက်တွေ့အကောင်အထည် ဖော်နိုင်မည့် လုပ်ငန်းခွင် အတွေ့အကြုံများနှင့် ပတ်သက်၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို စပါးခင်းအတွင်း ငါးပုစွန်များ ထည့်သွင်း၍ ရောနှောမွေးမြူခြင်းဖြင့် ရရှိလာနိုင်မည့် သဘာဝမြေသြဇာများကို အသုံးပြုခြင်းကြောင့် တောင်သူအတွက် ဝင်ငွေနှစ်ခု တစ်ပြိုင်တည်း ရရှိစေသဖြင့် အကျိုးအမြတ်ပိုမိုရရှိစေရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ လယ်ဝေးမြို့နယ်မှ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

# တပ်တောင်မြို့နယ်၊ မုံရွာမြို့နယ်၊ ကလေးမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် တပ်တောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၅၃ ဦးတို့ကို လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကောရဗျကျေးရွာ၊ ကလေးမြို့နယ် အင်ဒိုင်းလေးကျေးရွာနှင့် အင်ဒိုင်းကြီးကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၅၂၅ ဦးတို့ကို လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၂၀ တို့ကိုလည်းကောင်း၊ သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ အရေပြားရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/သွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုများစစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့က ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ အခြေခံစားသောက်ကုန်များသွားရောက်ထောက်ပံ့

လွိုင်ကော် အောက်တိုဘာ ၁၄

**ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ဘီလူး ချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်း ဘီလူးချောင်း တစ်လျှောက် ရေဝင်ရောက်သည့်အိမ်ထောင်စုများမှ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ အခြေခံစားသောက်ကုန်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နမ့်ကွတ်ရပ်ကွက်အတွင်း ဘီလူးချောင်းရေမြင့်တက်လာပါက ရေနစ်မြုပ်မှုမရှိစေရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်နိုင်သော ကြံ့ခိုင်မှုအားနည်းသည့်နေရာများတွင် သဲအိတ်များ ထပ်မံမြှင့်တင်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ပြည်နယ်ဆည်မြောင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ဘီလူးချောင်း တစ်လျှောက် အမှိုက်သရိုက်များနှင့် သဲနုန်းများ ဆယ်ယူနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘီလူးချောင်းကို ဖြတ်သန်းသည့်တံတားများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေမြင့်တက်လာမှုအခြေအနေများကို ဘီလူးချောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကာ(ယာပုံ) လိုအပ်သည်များ မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မုံပြာကျေးရွာအတွင်းရှိ ဘီလူးချောင်းရေ မြင့်တက်လာမှုကြောင့် နေအိမ်ခြံဝင်းများအတွင်း ရေဝင်ရောက်သည့် အိမ်ထောင်စုများမှ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး အခြေခံစားသောက်ကုန်များကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။

**ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်**

လွိုင်ကော်မြို့ရှိ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့နယ်အတွင်း ဘီလူးချောင်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေဝင်ရောက်မှုရှိခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ B.Tech သင်တန်းများတွင် ရလဒ်အခြေပြုပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းစနစ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ B.Tech သင်တန်းများတွင် ရလဒ်အခြေပြုပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းစနစ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



**လူမှုစီးပွားဘဝဖွံ့ဖြိုးရေး**

ဦးစွာဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် နည်းပညာရည်မြင့်မားရေး ဆောင်ရွက်ရာတွင် အရည်အသွေးစစ်ဆေးအကဲဖြတ်ခြင်းစနစ်သည် အခရာကျကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အထောက်အကူပြုပေးနိုင်ရန် လိုအပ်ကြောင်း၊ ယခုအခါ အင်ဂျင်နီယာပညာရေးဆိုင်ရာ ဘွဲ့သင်တန်းများတွင် ရလဒ်အခြေပြု ပညာရေးစနစ် (Outcome-based Education System) ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေး အသိအမှတ်ပြုမှု (Accreditation) ကို ဘွဲ့သင်တန်း အဆင့်အလိုက်ရရှိရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်နေကြောင်း၊ အစိုးရနည်းပညာကောလိပ်များ၌ Sydney Accord နှင့်အညီ Compulsory Core၊ Common Core နှင့် Discipline Core များဖြင့် သင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲပြီး သင်ကြားလျက် ရှိကြောင်း၊ သင်ကြားရေး ရည်မှန်းချက်များ (Course Outcomes) ပြည့်မီစေရေး လိုအပ်သော သင်ကြားသင်ယူမှု နည်းစနစ်များ အသုံးပြု၍ သင့်တင့်သော သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များ ဖန်တီးပေးခြင်းနှင့် ပြည့်မီခြင်းရှိ/မရှိ ဆန်းစစ်ချက်များ(Assessments)ကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ B.Tech သင်ရိုးညွှန်းတမ်း ပြုစုရေးအကြံပေးပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ စုစုပေါင်း ၁၁၅ ဦး (လူကိုယ်တိုင် ၂၆ ဦး၊ ဗီဒီယိုကွန်ဖရင့် ၈၉ ဦး) တက်ရောက်ခဲ့ကြပြီး နိုင်ငံတကာ တက္ကသိုလ်များနည်းတူ Semester System ကျင့်သုံးရန်၊ ဘာသာရပ်တစ်ခုစီ၏ ဆန်းစစ်ချက်ရလဒ်ကို သက်ဆိုင်ရာ ဘွဲ့သင်တန်း၏ အတည်ပြု ထားသော Qualification Handbook ပါ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တွက်ချက်ဆောင်ရွက်ရန် စသည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာ အထက်တန်းကျောင်း (နေပြည်တော်)၌ ကျောင်းသားများ အေးချမ်းစွာ စာမေးပွဲဖြေဆိုမှုများကို ကြည့်ရှုအားပေးကာ သတ်မှတ်စံနှုန်းများနှင့်အညီ စာမေးပွဲကျင်းပ ဆောင်ရွက်ရန်နှင့် ကျောင်းသားများ စာမေးပွဲဖြေဆိုမှု အဆင်ပြေစေရေး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် မှာကြားသည်။

**စွမ်းရည်များ မွမ်းမံသွားရန်**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်မဆောင်နှင့် အလုပ်ရုံများတွင် ကြည့်ရှုစစ်ဆေးပြီး MSME စက်မှု ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မည့် ကျွမ်းကျင်သက်မွေးပညာရှင်များကို လက်တွေ့ကျကျ မွေးထုတ်နိုင်သည့် အလုပ်ရုံများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော သင်ကြားလေ့ကျင့်စနစ်များ ဖြစ်စေရေးအတွက် ဆရာများသည် မိမိတို့၏ စွမ်းရည်များကို အစဉ်ဆန်းစစ်မွမ်းမံသွားရန်၊ ပြည်သူများ အလုပ်အကိုင်များ ရရှိစေရေးနှင့် ဘဝရပ်တည်ရေး ခိုင်မာစေရေးအတွက် အမှန်တကယ် အကျိုးပြုမည့် သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇေယျာသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့နည်းရေး နည်းပညာပေးဆွေးနွေး

**ဇေယျာသီရိ အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးအတွင်းရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်က အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်လာနိုင်သည့်အခြေအနေများ၊ တောင်သူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေးအတွက် ကြိုတင်သတိပြုပြင်ဆင်ရမည့်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာအေးက ရာသီဥတုပြောင်းလဲမှုအပေါ် မြေဆီလွှာနှင့် အပင်အာဟာရဓာတ်များ စီမံခန့်ခွဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ အပင်များ အစာချက်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသော အဓိကအချက်များ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးနည်းစနစ်များနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းနှင့် တောင်သူများ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ သီးနှံအလိုက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့် ကိုက်ညီသော သီးနှံများ စိုက်ပျိုးနိုင်ရေးဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် တောင်သူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**ထွန်းလင်း(ဇေယျာမြေ)**

# မိုးညိုဒေသ ဖွံ့ဖြိုးစေခဲ့ပြီ

ရွှေယွန်း

လက်ပံတန်း - မိုးညို - နတ်တလင်း လမ်းပိုင်း၏ မိုးညိုမြို့နယ်အပိုင်းတွင် ရေဝပေါ်မြစ်ရေတိုးဝင်ရာ ရေနက်ကွင်းများ၊ အင်းအိုင်များက လမ်း၏ တစ်ဖက်တစ်ချက်စီတွင် တစ်ဆက်တစ်စပ်တည်းတည်ရှိနေသည်။ ရေတိုးပြီးတင်ကျန်ရစ်သည့် နုန်းတင်မြေနုများ၊ ရွှံ့နွံအင်းအိုင်များက မိုးညိုဒေသ စိုက်ပျိုးရေးအတွက်၊ ငါးလုပ်ငန်းအတွက် များစွာအထောက်အကူပြုနေပြီး ဒေသမှ သီးနှံနှင့် ရေထွက်ကုန်များစွာ ထွက်ရှိသည်။ သို့သော် ဒေသထွက်သီးနှံနှင့် ရေထွက်ကုန်များစွာကို ဈေးကွက်အတွင်း နေ့ချင်းရောက် ရောင်းချနိုင်ရန် ခက်ခဲသည့် အခြေအနေရှိခဲ့သည်။

“ကျွန်တော်တို့ မိုးညိုဒေသက ရေဝိုင်းနေတဲ့ ကျွန်းစုလေးလိုပဲ။ ကျွန်တော်တို့ဒေသက ထူးခြားပါတယ်။ စိုက်ပျိုးလို့ရတယ်၊ ရေလုပ်ငန်းလုပ်လို့ရတယ်။ ဒေသတည်ရှိပုံအရ မိုးညိုအပိုင်းလမ်းကကျတော့ ရေလယ်ကောင်ကရေတားပေးတဲ့ တာပေါင်လမ်းကို ခေတ်အဆက်ဆက် သုံးခဲ့တယ်။ မိုးရွာတဲ့အခါ သွားရေးလာရေး ခက်ခဲသွားတယ်။ ဒါက အရင်ကအခြေအနေပါ။ အခုတော့ လက်ပံတန်း–မိုးညို–နတ်တလင်းလမ်းကို အဆင့်မြှင့်နေပါပြီ။ မပြီးသေးတဲ့အပိုင်းက နည်းနည်းပဲရှိပါတော့တယ်” ဟု ပတ္တော်ကျေးရွာမှ ဦးဝဏ္ဏလင်းက ပြောသည်။

## မိုးညို–နတ်တလင်းလမ်းပိုင်း

လက်ပံတန်း - မိုးညို - နတ်တလင်း လမ်းမှ မိုးညို–နတ်တလင်း လမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့် ၂၀၂၁–၂၀၂၂ မီနီဘတ်ဂျက်မှစတင်ကာ ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

“အိမ်နား၊ ရွာနား ဒီလိုလမ်းမကြီး ရောက်လာတာ အံ့ဩလို့မဆုံးဘူး။ မြို့ကြီးတွေနဲ့နီးပေမယ့် ကိုယ့်ဒေသက ရေဝင်ချောင်းခြားဆိုတော့ ဒီလိုသွားရေးလာရေး လွယ်ကူလာမယ်လို့ မမျှော်လင့်မိဘူး။ အရင်က စိုက်လို့ပျိုးလို့ရတာကို ရေလမ်းကနေပဲ မြန်အောင်မြို့အထိ သွားရောင်းကြတာ။ တာလမ်းဆိုတော့ မိုးရွာရင် သွားမဖြစ်ဘူး။ ဆိုင်ကယ်၊ စက်ဘီးနဲ့သွားရတာ။ အခုကျတော့ လမ်းက အဆုံးထိမပြီးသေးပေမယ့် သွားလို့ရနေပြီလေ။ ရောင်းဖို့ဝယ်ဖို့အတွက်၊ ကျန်းမာရေး၊ ပညာရေးအတွက် အားလုံးအဆင်ပြေတယ်။ ကားကြီးကားငယ် အသွယ်သွယ် သွားကြလာကြနဲ့ ကျွန်မတို့ရွာတွေ စည်ကားလာပြီ။ အခုလမ်းခင်းနေတဲ့အပိုင်းက အဓိက ကျွန်မတို့ မိုးညိုဒေသကို ဖွံ့ဖြိုးစေခဲ့တာပါ”ဟု ဖိုးစတောကျေးရွာမှ ဒေါ်ညိုညိုဝင်းက ပြောသည်။



လက်ပံတန်း–မိုးညို–နတ်တလင်းလမ်းမှ မိုးညိုနှင့် နတ်တလင်းကြား လမ်းပိုင်းတစ်နေရာ။

၆၈ မိုင် ၇ ဖာလုံ ရှည်လျားသည့် လက်ပံတန်း–မိုးညို–နတ်တလင်းလမ်းမှ မိုးညိုမြို့နှင့် နတ်တလင်းမြို့ကြားရှိ လမ်းပိုင်း ၁၂ မိုင် ၅ ဖာလုံကို လမ်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပြီး ယခု ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် ရာခိုင်နှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

“အခု လက်ပံတန်း–မိုးညို–နတ်တလင်းလမ်းဆိုတာက ရန်ကုန်–ပြည်လမ်းမကြီးကနေ လက်ပံတန်းဆင်လမ်းတာဆုံကနေ ခွဲပြီးတော့ နတ်တလင်းကို သွားတဲ့လမ်းဖြစ်ပါတယ်။ သာယာဝတီခရိုင်နဲ့ နတ်တလင်းခရိုင်ကို ဆက်သွယ်ပေးတဲ့ လမ်းမဖြစ်ပါတယ်။ ဒီလမ်းက မြေသားလမ်းတာပေါင်လည်းဖြစ်တယ်။ ကျောက်လမ်းပိုင်းလည်းပါတယ်။ ဒီထဲကမှ မိုးညိုကနေ နတ်တလင်းကြားထဲမှာရှိတဲ့ ၁၂ မိုင် ၅ ဖာလုံကို ဘဏ္ဍာနှစ်အလိုက် လမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်မယ်ဆိုပြီး စီမံချက်တွေ ရေးဆွဲတယ်။ ၂၀၂၁–၂၀၂၂ ခြောက်လဘဏ္ဍာနှစ်ကနေစပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်”ဟု လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ကိုဦးက ပြောသည်။

ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄) နှင့် လမ်းအထူးအဖွဲ့ (၁၅) တို့က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လမ်းအထူးအဖွဲ့ (၁၄) သည် မိုင်တိုင် ၄၁/၀ မှ မိုင် ၄၃/၄ အထိနှင့် မိုင်တိုင် ၅၀/၀ မှ ၅၃/၅ အထိလည်းကောင်း၊ လမ်းအထူးအဖွဲ့ (၁၅) သည် မိုင်တိုင် ၄၃/၄ မှ မိုင်တိုင် ၅၀/၀ အထိလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

## နည်းပညာပံ့ပိုး

“လမ်းပိုင်းက မိုင်တိုင်အားဖြင့် ကြည့်ရင်တော့ အရှည်ကြီးမဟုတ်ဘူး။ တာပေါင်လမ်းဖြစ်တဲ့အတွက် ဒေသခံတွေအတွက် ပိုပြီးအဆင်ပြေဖို့ လိုအပ်တယ်။ လိုအပ်လို့ ဆောင်ရွက်ပေးတဲ့အခါမှာလည်း ရေဝင်တဲ့ဒေသဖြစ်တယ်။ ရေဝင်တဲ့အခါ လမ်းကို မထိခိုက်ဖို့ တည်ဆောက်ရေးပိုင်းဆိုင်ရာမှာ နည်းပညာပံ့ပိုးရတာရှိပါတယ်။ နည်းပညာပိုင်းနဲ့ စက်ယာဉ်ယန္တရားသုံးပြီး စနစ်တကျလုပ်ရင် တာပေါင်ပေါ်မှာ ရေရှည်မှာ သုံးနိုင်မယ်။ ဒီအတွက် လုပ်ငန်းပိုင်းမြန်အောင်၊ နည်းပညာနဲ့ စက်ယန္တရားသုံးနိုင်အောင် ကျွန်တော်တို့ လမ်းအထူးအဖွဲ့တွေက တာဝန်ယူဆောင်ရွက်တာဖြစ်ပါတယ်” ဟု လမ်းအထူးအဖွဲ့ (၁၄) မှ ဦးစီးအရာရှိ(မြို့ပြ) ဦးအေးလွင်က ပြောသည်။

## လမ်းကွန်ရက်များ ကောင်းမွန်ရေး

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား၊ သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုကို လျှော့ချရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လမ်းဦးစီးဌာနအနေဖြင့် လမ်းကွန်ရက်များ ကောင်းမွန်ရေးကို ဒေသအလိုက် အားစိုက်ဖော်ဆောင်ပေးလျက်ရှိသည်။

“ကျွန်တော်တို့ရွာက လမ်းကိုကြည့်ပြီး ဝမ်းသာနေကြတာ။ ဒီလိုပြောတော့ အဲဒီလောက်တောင်လား ထင်ကြမယ်။ သူတို့ လမ်းခင်းတဲ့အလုပ်လုပ်တာကို ကျွန်တော်တို့က လေ့လာကြည့်ပြီးမှ ဒီလိုပြောတာပါ။ လမ်းက တာပေါင်လမ်းဆိုတော့ မာနေအောင်၊ ပြီးတော့ ရေမဝင်အောင် ရေထုတ်တာတွေ၊ ရေထုတ်တော့လည်း ရေအရှိန်နှေးသွားအောင် အဆင့်ဆင့် ရေထုတ်တာတွေ ဒါတွေက ပညာရပါတယ်။ စနစ်တကျနဲ့ သေချာလေး ဆောင်ရွက်ပေးတော့ ကျွန်တော်တို့ ဒေသခံတွေ ကြာကြာသုံးလို့ရတာပေါ့” ဟု မိုးညိုမြို့နယ် ဖလံချောင်းကျေးရွာမှ ဦးမြင့်အောင်က ဆိုသည်။

လမ်းဦးစီးဌာနအနေဖြင့် ဒေသတွင်း လမ်းများကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့များ ဆောင်ရွက်နေသည့် လက်ပံတန်း–မိုးညို–နတ်တလင်းလမ်း ပြီးစီးသွားပါက လမ်းပိုင်းပေါ်ရှိ ကျေးရွာပေါင်း ၈၀ ကျော်မှ ပြည်သူများအနေဖြင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

“တာပွန်ချောင်းပေါက်အထိ ရောက်အောင် မနည်းသွားနေရတဲ့ကာလတွေ ကျော်ခဲ့ပါပြီ။ ကိုယ့်ဒေသ စိုက်ပျိုးရေး ထွက်ကုန်တွေလည်း တိုက်ရိုက်ပို့နိုင်တော့ သယ်ယူစရိတ်က တော်တော်လျော့သွားတယ်။ ရွာထဲ မီနီဘတ်စ်ကားတွေ ဝင်ကြထွက်ကြတာ မြင်တိုင်း၊ ကလေးတွေ တက္ကသိုလ်ကို ဆိုင်ကယ်နဲ့ နေ့ချင်းပြန်တက်ကြတာ မြင်တိုင်း ထူးခြားလိုက်တာလို့ ခံစားမိပါတယ်။ မြို့ပေါ်မြို့ရပ်နဲ့မခြားတော့ဘူး။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအားလုံး တိုးတက်စေခဲ့ပါပြီ။ လမ်းတံတားတွေ အသုံးပြုနိုင်အောင် အကောင်အထည်ဖော်ဆောက်လုပ်ပေးတဲ့ လမ်းဦးစီးဌာနက တာဝန်ရှိသူတွေနဲ့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့တကွ အစိုးရအဖွဲ့တွေ အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု မိုးညိုမြို့နယ် ရေအိုးစင်ကုန်းကျေးရွာမှ ဦးစန်းဝင်းက ပြောသည်။

“ကျွန်တော်တို့အဖွဲ့အနေနဲ့က အခု ဘဏ္ဍာနှစ်ကုန်မှာ တာဝန်ပေးထားတဲ့ လမ်းမိုင် ၄၈/၀–၅၀/၀ ကိုပြီးစီးအောင် စနစ်တကျ ဆောင်ရွက်နေပါတယ်။ ကျန်နေတာကလည်း မြစ်သာဘောလီတံတားပါ။ လက်ရှိတံတားကိုက လမ်းတည်ဆောက်ရေးလုပ်ငန်းအတွက် သုံးနေတာမို့ လမ်းပိုင်းပြီးတာနဲ့ တံတားကို အမြန်ဆုံးဆောင်ရွက်သွားမှာပါ။ အခုလုပ်ငန်းဆောင်ရွက်တဲ့ အခါမှာလည်း ဒေသခံပြည်သူတွေ သွားလာတဲ့အခါ ယာဉ်အန္တရာယ်တွေ မဖြစ်ပေါ်အောင်၊ သွားလာမှုချောမွေ့အောင်၊ ခရီးသွားပြည်သူတွေ အနှောင့်အယှက်မဖြစ်အောင် လုံလောက်တဲ့ လမ်းညွှန်အမှတ်အသားတွေ၊ သတိပေးဆိုင်းဘုတ်တွေကို ဆောင်ရွက်ထားပါတယ်” ဟု လမ်းအထူးအဖွဲ့ (၁၅)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ကျော်က ပြောသည်။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ ကောင်းမွန်ခြင်းသည် ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်နေသည်။ သို့ဖြစ်ရာ လမ်းဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် လက်ပံတန်း–မိုးညို–နတ်တလင်းလမ်းသည်လည်း ရာခိုင်နှုန်းပြည့် ပြီးစီးအသုံးပြုနိုင်သည့်အခါ ဒေသစီးပွား၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့် လမ်းပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**“အိမ်နား၊ ရွာနား ဒီလိုလမ်းမကြီးရောက်လာတာ အံ့ဩလို့မဆုံးဘူး။ မြို့ကြီးတွေနဲ့နီးပေမယ့် ကိုယ့်ဒေသက ရေဝင်ချောင်းခြားဆိုတော့ ဒီလိုသွားရေးလာရေး လွယ်ကူလာမယ်လို့ မမျှော်လင့်မိဘူး။ အရင်က စိုက်လို့ပျိုးလို့ရတာကို ရေလမ်းကနေပဲ မြန်အောင်မြို့အထိ သွားရောင်းကြတာ။ တာလမ်းဆိုတော့ မိုးရွာရင် သွားမဖြစ်ဘူး။ ဆိုင်ကယ်၊ စက်ဘီးနဲ့သွားရတာ။ အခုကျတော့ လမ်းက အဆုံးထိမပြီးသေးပေမယ့် သွားလို့ရနေပြီလေ။ ရောင်းဖို့ဝယ်ဖို့အတွက်၊ ကျန်းမာရေး ပညာရေးအတွက် အားလုံးအဆင်ပြေတယ်”**



## ငြိမ်းချမ်းရေးခရီး

❖ ယာခရီးဆီက
ချိုးငှက်ကူသံ ချိုဝါပျား
ကြားလိုလှ ပြည်လုံးလိုင်။
❖ တစ်နေ့တစ်လံပေမယ့်
အရွေ့ခံ ပုဂံတကယ်ပြေးလိမ့်လား
ဝေးခဲ့ခုတိုင်။
❖ တိုင်းရင်းသားတွေ မျှော်မှန်း
အများပြည်သူ မျှော်မှန်း
အားလုံးအတူ မျှော်ကာတမ်းကြတဲ့
ငြိမ်းချမ်းရေး ပန်းတိုင်
လှမ်းကိုင်လိုက လက်တစ်ကမ်း။
❖ လက်မကမ်းလိုလို့
အပျက်လမ်းကို ရွေးကာလျှောက်လျှင်ဖြင့်
ပျောက်လိမ့်သည့်လမ်း။
❖ မနီး ဘယ်လိုခြားစေတော့
ခရီးကို အရောက်သွားရင်ဖြင့်
တစ်နေ့တခြား နီးမည်ပင်။
❖ အနီးလေးပေမယ့်
ခရီးဝေးသယောင် နောက်ပြန်လှည့်ပါက
နီးဖွယ် မမြင်။
❖ ဝေးသည် နီးသည် မဆို
ခရီးကို အပြီးတိုင်လှမ်းချင်တဲ့
ဆန္ဒစိတ်ဝမ်း ညီကြလျှင်
ပန်းဝင်ဖို့ ဘယ်မဝေး။
❖ ငြိမ်းချမ်းရေးကို ချစ်မချစ်
ဆန္ဒအစစ် မှန်မမှန်
နိုင်ငံအကျိုး ကြည့်မကြည့်
လျှောက်ခဲ့သည့်လမ်း ပြန်ဆန်းစစ်
ဖြစ်သင့်ရာရွေး။
❖ ဆန္ဒနဲ့ဘဝ ထပ်တူကျ
အေးချမ်းလှတဲ့ တို့မြန်ပြည်။
❖ ငြိမ်းချမ်းရေး အမြန်တကယ်ရလျှင်ဖြင့်
အမှန်ကြွယ်ဝမည်။
❖ နိုင်ငံလည်း ဖွံ့ဖြိုး
လူမျိုးလည်း ချမ်းသာ
ဂုဏ်ဝါလည်း တင့်လျှမ်းလို့
ပွင့်လန်းတဲ့ အနာဂတ်ဆီ
ချီကြမည်လာ - လက်ကမ်း။
❖ အရိပ်မိုးနေတဲ့
အတိတ်ဆိုး တွေဖျောက်...
အရိုးစွဲနေတဲ့
အမျိုးအစွဲ တွေဖျောက်...
ရင်မရှင်းခဲ့တဲ့
အမြင်ကျဉ်း တွေဖျောက်...
မယုံမရဲနဲ့
အထုံအစွဲတွေလည်းဖျောက်...
ယုံကြည်မှု အမှန်တည်ဆောက်လို့
ဆန္ဒတူစွာ အမြန်ချီလျှောက်
ရောက်လိမ့်စခန်း။ ။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက် -

**ဇော်မင်းမင်းဦး**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ကံမမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ကံမ အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၃ ရက်က ကံမမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကံမမြို့နယ် သရက်-နတ်မီးတောက်-ကံမ လမ်းပိုင်း ၁၈ပေ အကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီးနောက် ခြောက်ထောင့်ကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိသည့် ဆိုလာလျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်နေမှုအား ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခြောက်ထောင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ယခုဆောင်ရွက်နေသော ဆိုလာလျှပ်စစ် ရေတင်စီမံကိန်းပြီးစီးပါက မိုးရာသီ ဆောင်းရာသီများသာမက နွေရာသီကာလတွင်လည်း သီးနှံများစိုက်ပျိုးနိုင်မည်ဖြစ်ပြီး စိုက်ပျိုးဧက ၈၀၀ ကိုစိုက်ပျိုးရေများ လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေများကို အကျိုးရှိရှိ အသုံးချစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများမှ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအား ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်မဲကျေးရွာ မဒေးဆည်ရေသောက်ဧရိယာတွင် မိုးစပါး (ဆာဖိုးသာစပါး) ဧက ၁၀၀ တစ်နှစ်သုံးသီး စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။



**ကျော်ဇေယျဝင်း(ကံမ)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ဟားခါးပြည်သူ့ဆေးရုံကြီးရှိ လူနာများအား တွေ့ဆုံအားပေး ထောက်ပံ့ပစ္စည်းများပေးအပ်

**ဟားခါး အောက်တိုဘာ ၁၅**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများနှင့် စစ်ဗျူဟာအခြေချ (ဟားခါး) မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဟိန်းထက်အောင်တို့သည် ဟားခါးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ဟားခါးပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟားခါးပြည်သူ့ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံကြီးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေကြသော တပ်မတော်ဆရာဝန်ကြီးများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသော လူနာများအား သွားရောက်တွေ့ဆုံအားပေးပြီးထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**



ကရင်ပြည်နယ် မြဝတီခရိုင် ခုတင်၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်း၌ သန့်ရှင်းသာယာလှပစေရေး အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ သဃ်န်းညီနောင်အခြေချ စစ်ဗျူဟာမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းထွန်းလတ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

ဇာဖြူဝင်း(ပြန်/ဆက်)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွန်ပျူတာအဆင့်မြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

**ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် စဉ်ဆက်မပြတ် တိုးတက်မြင့်မားစေရန်၊ ကွန်ပျူတာအခြေပြုရုံးလုပ်ငန်းဆိုင်ရာ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာအဆင့်မြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇)စုပေါင်းခန်းမ၌ကျင်းပသည်။**

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ ဦးသန်းဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းမှ သင်ကြားပေးလိုက်သည့် နည်းပညာများကိုအသုံးပြု၍ ရုံးလုပ်ငန်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ယခုကဲ့သို့ လုပ်ငန်းခွင်မပျက် သင်တန်းများ ဖွင့်လှစ်သွားခြင်းဖြင့် ဝန်ထမ်းအားလုံး ကွန်ပျူတာ တတ်ကျွမ်းလာပြီး ရုံးလုပ်ငန်း စီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှုများပေးရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မှာကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ (ယာပုံ)

သင်တန်းတွင် Communication Tool များ အသုံးပြုခြင်း၊ e-mail အသုံးပြုနည်း၊ Video Editing၊ Adobe Photoshop CS3 (Level 2)၊ Advanced Excel၊ Hyper Text Markup Language (HTML)နှင့် Office Equipment များ အသုံးပြုခြင်း စသည်တို့ကို သင်ကြား ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်အဆင့် တီရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ငါးနှစ်လျှင် တစ်ကြိမ်ကောက်ယူရန် ရည်မှန်းချက်နှင့်အညီ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခု၊ မြို့နယ် ၂၁၅ မြို့နယ်တွင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဗဟိုကော်မတီ အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသည့် အစည်းအဝေးတွင်



ဗဟိုကော်မတီ ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက တိရစ္ဆာန်ကောင်ရေစာရင်းမှာ အချိန်နှင့်အမျှ ပြောင်းလဲနေသည့်အတွက် နှစ်စဉ် ကောင်ရေစာရင်းကောက်ယူခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ် အရေအတွက်၏ ၁၀ ရာခိုင်နှုန်းတွင် နှစ်စဉ်ကြားဖြတ်ကောင်ရေစာရင်း ကောက်ယူခြင်းကို ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး နှစ်အလိုက် မွေးမြူရေးကောင်ရေ ပြောင်းလဲမှုကို ခန့်မှန်းပေးနိုင်ခဲ့ကြောင်း၊ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းစီမံချက် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းချက်အပေါ် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများအားလုံးက လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ပြီးမြောက်ရန်အတွက် ပါဝင်အကြံပြု ဆွေးနွေးပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူဝါဒချမှတ်ခြင်း၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် နည်းလမ်းများ၊ မေးခွန်းပုံစံနှင့်ဇယားများ သတ်မှတ်အတည်ပြုခြင်း၊ စာရင်းကောက်ယူမည့် အချိန်ကာလနှင့် သင်တန်းကာလများ သတ်မှတ်ပေးခြင်း၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ဘဏ္ဍာရေးအသုံးစရိတ်များ လျာထားသတ်မှတ်ခြင်း၊ ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဗဟိုကော်မတီမှ ဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီအတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့နယ်ရှိ ကျေးရွာလေးရွာကို ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဓနုဖြူ အောက်တိုဘာ ၁၄**

မအူပင်ခရိုင် ကွပ်ကဲမှုအောက် ဓနုဖြူမြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေအခက်အခဲရှိသော ကျေးရွာလေးရွာ၌ ရေရရှိရေးလုပ်ငန်းများကို ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၁၇ သိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများမှာ အနက်ပေ ၄၀၀ စက်ရေတွင်းများ တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန်၊ ရေစက်ရုံများတည်ဆောက်ခြင်းတို့ဖြစ်ပြီး လုပ်ငန်းအားလုံး ဆောင်ရွက်ပြီး၍ အဆိုပါ လေးရွာရှိ အိမ်ခြေ ၄၀၀ ကျော်မှ လူဦးရေ ၁၅၀၀ ကျော်အား သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်သည်။

ကျေးရွာလေးရွာ၌ လည်ပတ်သုံးစွဲနေသော လုပ်ငန်းများကို အောက်တိုဘာ ၁၁ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက စစ်ဆေးရာ **(အောက်ဝဲပုံ)** ကျေးရွာကော်မတီများမှ လက်ရှိရေသုံးစွဲမှု အခြေအနေများကို ရှင်းလင်းပြသပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ထားပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးချရန် မှာကြားသည်။



ဓနုဖြူမြို့နယ်၌ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာပေါင်း ၄၄၉ ရွာ ရှိသည့်အနက် ဘေးကင်းလုံခြုံ၍ သန့်ရှင်းသောသောက်သုံးရေ အခက်အခဲရှိသော ကျေးရွာများတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၁၀၄ ရွာရှိ အိမ်ခြေ ၁၄၀၀၀ ကျော် လူဦးရေ ခြောက်သောင်းကျော်အား အကျိုးပြုသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း(ရေဝတီ)**

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ်ရေကူးကန်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါ ရေကူးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၄

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရေဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# လွတ်လပ်သော ဓနသဟာယနိုင်ငံအဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၁၆ ခု လက်မှတ်ရေးထိုး

**ဘစ်ရှ်ကက် အောက်တိုဘာ ၁၄**

လွတ်လပ်သော ဓနသဟာယနိုင်ငံများ အဖွဲ့၏ ထိပ်သီးအစည်းအဝေးကို ကာဂျစ္စတန်နိုင်ငံ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပပြီးနောက် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၁၆ ခုကို အလှည့်ကျ ဥက္ကဋ္ဌဖြစ်သူ ကာဂျစ္စတန်သမ္မတ ဆစ်ဒ်ယာဂျပါရော့ဗ် ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။



လွတ်လပ်သောဓနသဟာယနိုင်ငံများအဖွဲ့၏ ထိပ်သီးစည်းဝေးပွဲသို့ ရုရှားသမ္မတ ဗလာဒီမာပူတင် တက်ရောက်စဉ်။

အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် အစည်းအဝေးများတွင် လွတ်လပ်သော ဓနသဟာယနိုင်ငံများ အဖွဲ့အတွင်းရှိ လက်ရှိ အပြန်အလှန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးအပြီးတွင် CIS အဖွဲ့ဝင်ခေါင်းဆောင်များသည် ပူးပေါင်းဆောင်ရွက်ရေး စာတမ်း ၁၆ စောင်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းတို့အနက်လေးခုမှာ ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဗဟုဝင်ရိုး ကမ္ဘာတစ်ခုအတွင်း နိုင်ငံအချင်းချင်း ဆက်ဆံရေးဆိုင်ရာ အခြေခံမူများ၊ လူ့အခွင့်အရေးကာကွယ်ရေးနှင့် ပံ့ပိုးကူညီမှုများနှင့် ရုရှားဘာသာစကားကို လူမျိုးပေါင်းစုံ ဆက်သွယ်ပြောဆိုသည့် ဘာသာစကားအဖြစ် မြှင့်တင်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ ပါဝင်သည်။

အထူးသဖြင့် လုံခြုံရေးကဏ္ဍနှင့် ပတ်သက်သည့် စာတမ်းနှစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ပြီး ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုမှရရှိသော ငွေကြေးထောက်ပံ့မှု(ငွေကြေးခဝါချမှု)အန္တရာယ်နှင့် မူခင်းဆေးပညာဆိုင်ရာ ဆောင်ရွက်မှုနယ်ပယ်တွင် အကဲဖြတ်နိုင်ရန် ပူးပေါင်းညှိနှိုင်းရေးကောင်စီ ဖွဲ့စည်းခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာစင်တာ ဖွဲ့စည်းခြင်းဆိုင်ရာ သဘောတူညီချက်များ ပါဝင်သည်။ ၂၀၂၄ ခုနှစ်တွင် အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌနေရာကို ရုရှားနိုင်ငံက ထမ်းဆောင်မည်ဖြစ်ပြီး လာမည့်ထိပ်သီး အစည်းအဝေးကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် မော်စကို၌ ကျင်းပမည်ဖြစ်သည်။

လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့၏ နိုင်ငံအကြီးအကဲများ အစည်းအဝေးသို့ အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ် အေလီယက်ဗ်၊ ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကို၊ ကာဇက်စတန်သမ္မတ ကက်စ်ဆမ်ဂျိုမာ့တ်တိုကာယက်ဗ်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ တာဂျစ်ကစ္စတန်သမ္မတ အီမိုမာလီရာ့ရှ်မွန်၊ တာ့ခ်မင်နစ္စတန်သမ္မတ ဆာဒါဘာဒီမူဟာမီဒေါ့ဗ်၊ ဥဇဘက်ကစ္စတန်သမ္မတ ရှေ့ဗ်ခက်မီရာဇီယိုနှင့်နှင့် အမှုဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး ဆာဂျီလက်ဘယ်ဒိဗ်တို့ တက်ရောက်ခဲ့ကြသည်။

**ဆင်ဟွာ**

## စင်ကာပူတွင် ဗုံးအန္တရာယ်ခြိမ်းခြောက်သည့် အမျိုးသားနှစ်ဦးကို တရားစွဲဆို

**စင်ကာပူ အောက်တိုဘာ ၁၄**

စင်ကာပူနိုင်ငံတွင် အသက် ၃၀ အရွယ် ဩစတြေးလျ အမျိုးသားတစ်ဦးနှင့် အသက် ၃၉ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ကို ဗုံးတပ်ဆင်ထားသည် ဟူသော လိမ်လည် ခြိမ်းခြောက်မှုများကြောင့် အောက်တိုဘာ ၁၄ ရက်တွင်တရားစွဲဆိုခဲ့သည်ဟုစင်ကာပူ ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာ ၁၂ ရက်က ဩစတြေးလျနိုင်ငံ ပေါ့သ်မြို့သို့ သွားသည့် လေယာဉ်ခရီးစဉ်တွင် အသက် ၃၀ အရွယ် ခရီးသည်မှာ ၎င်းတွင်ဗုံးပါသည်ဟု လေယာဉ်အမှုထမ်းများကို အကြိမ်ကြိမ်သတင်းပို့ခဲ့သည်။ ထို့ကြောင့် လေယာဉ်ကိုစင်ကာပူသို့လှည့်ပြန်ခဲ့ရသည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါ အမျိုးသားအား အကြမ်းဖက်လိမ်လည်ခြိမ်းခြောက်မှုဖြင့် စင်ကာပူဒေါ်လာ ၅၀၀၀၀၀ အထိ ဒဏ်ငွေချမှတ်နိုင်ပြီး ထောင်ဒဏ် ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ချမှတ်နိုင်ကြောင်း ဖော်ပြထားသည်။

အောက်တိုဘာ ၁၃ ရက်ကလည်း မရီနာဘေ ပင်လယ်အပျော်စီး သင်္ဘောစင်တာတွင် ဆိုက်ကပ်ထားသည့် အပျော်စီးသင်္ဘောပေါ်တွင် ဗုံးထောင်ထားသည်ဟူသော ခြိမ်းခြောက်မှုကို ရဲများက လက်ခံရရှိခဲ့သည်။

သင်္ဘောပေါ်တွင် ရှာဖွေမှုများ ပြုလုပ်ပြီးနောက် အန္တရာယ်ပေးနိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတွေ့ခဲ့ချေ။ ထို့နောက် နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ရဲများက အသက် ၃၉နှစ် အရွယ်အမျိုးသားတစ်ဦးကိုဖမ်းဆီးခဲ့သည်။ အဆိုပါ အမျိုးသားကို ထောင်ဒဏ်ခုနစ်နှစ်၊ ငွေဒဏ် စင်ကာပူဒေါ်လာ ၅၀၀၀၀ သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သည့် သတင်းမှားဖြန့်ဝေမှုဖြင့် ပြစ်ဒဏ်နှစ်ရပ်စလုံး ချမှတ်နိုင်သည်ဟု ရဲတပ်ဖွဲ့ကပြောသည်။

**ဆင်ဟွာ**

## နှစ် ၄၀ အကြာတွင် အိန္ဒိယနှင့် သီရိလင်္ကာတို့ ကူးတို့ဝန်ဆောင်မှုပြန်လည်စတင်

**နယူးဒေလီ အောက်တိုဘာ ၁၄**

အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ် ၄၀ ကြာ စောင့်ဆိုင်းခဲ့ရသည့် ကူးတို့ဝန်ဆောင်မှုကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်စတင်လိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ဝန်ဆောင်မှုကို အိန္ဒိယနိုင်ငံ တမီးနာဒူးလ်ပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းရှိ နာဂါပတ္တနမ် ဆိပ်ကမ်းနှင့် သီရိလင်္ကာနိုင်ငံမြောက်ပိုင်းပြည်နယ်၏မြို့တော် ဂျက်ဖ်နာအနီးရှိ ကန်ကီဆန်သူရိုင် ဆိပ်ကမ်းတို့အကြား စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဆိပ်ကမ်း၊ သင်္ဘောနှင့် ရေလမ်းကြောင်းဆိုင်ရာဝန်ကြီး ဆာဘန်နန်ဒါ ဆိုနိုဝါလ်သည် နာဂါပတ္တနမ်ဆိပ်ကမ်းမှ ကူးတို့ဝန်ဆောင်မှုကို စတင်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ကူးတို့ဝန်ဆောင်မှုကို အောင်မြင်စွာစတင်နိုင်ခဲ့သည့်အတွက် သီရိလင်္ကာ သမ္မတ၊ အစိုးရနှင့် ပြည်သူများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံ ရာမီစ်ဝါရမ်နှင့် သီရိလင်္ကာနိုင်ငံ တာလိုင်မန်နာတို့အကြား ကူးတို့ဝန်ဆောင်မှုပြန်လည်စတင်နိုင်ရေးနှင့် ပတ်သက်ပြီး လုပ်ဆောင်နေကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။ အိန္ဒိယနိုင်ငံ သင်္ဘောကော်ပိုရေးရှင်းမှ ပြေးဆွဲသည့် မြန်နှုန်းမြင့် ကူးတို့သင်္ဘောမှာ ခရီးသည် ၁၅၀ ဝင်ဆံ့ကြောင်း သိရသည်။

ခရီးသည် ၅၀ တင်ဆောင်ကာ သီရိလင်္ကာနိုင်ငံသို့ စတင်ထွက်ခွာခဲ့သော ရေယာဉ်ချီရီယာပနီသည် ညနေပိုင်းတွင် ခရီးသည်များနှင့်အတူ အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ **ဆင်ဟွာ**



## ဂျာမနီနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့်ကား တိမ်းမှောက်၊ ခုနစ်ဦးသေဆုံး

**ဘာလင် အောက်တိုဘာ ၁၄**

ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗေးရီးယားဒေသ အဝေးပြေးလမ်းမတွင် အောက်တိုဘာ ၁၃ ရက်က ရွှေ့ပြောင်း နေထိုင်သူများကို တင်ဆောင်လာသည့် ဗင်ကား တစ်စီး တိမ်းမှောက်မှုကြောင့် ခုနစ်ဦးသေဆုံးကာ ၁၆ ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

သေဆုံးသူများ ထဲတွင် အသက်ခြောက်နှစ်အရွယ်ကလေးတစ်ဦးပါဝင်ကာ ဒဏ်ရာရှိသူများမှာစိုးရိမ်ရသည့် အခြေအနေရှိသည်ဟု ရဲများက ပြောသည်။ လူကိုးဦးသာစီး၍ရသော ကားပေါ်တွင် လူ ၂၄ ဦးကို ပြည့်သိပ်ကာ တင်ဆောင်လာခြင်း ဖြစ်သည်ဟု ဂျာမန်သတင်းစာ ဘေးလ်တွင် ဖော်ပြထားသည်။ လူမှောင်ခိုကူးမှုအတွက် သံသယရှိသူ အသက် ၂၄ နှစ်အရွယ် ယာဉ်မောင်းကို ရဲများက စုံစမ်းစစ်ဆေးနေသည်ဟု သိရသည်။ **ဆင်ဟွာ**

## ကိုရီးယားနိုင်ငံသားများနှင့် နိုင်ငံခြားသားများအားခေါ်ဆောင်လာသည့် တောင်ကိုရီးယား စစ်ဘက်လေယာဉ် အစ္စရေးနိုင်ငံမှ ထွက်ခွာ

**တဲလ်အဗစ် အောက်တိုဘာ ၁၄**

အစ္စရေးနှင့် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမားစ်တို့အကြား တိုက်ပွဲများ ပြင်းထန်နေချိန်တွင် အစ္စရေးနိုင်ငံတွင်းမှ နိုင်ငံသားများနှင့် ပြည်ပနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်လာသည့် တောင်ကိုရီးယား စစ်လေယာဉ်တစ်စင်း အစ္စရေးမှ ထွက်ခွာသွားပြီဖြစ်သည်။

တောင်ကိုရီးယား စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်သည် အောက်တိုဘာ ၁၄ ရက်က တဲလ်အဗစ်လေဆိပ်မှ ထွက်ခွာခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသား ၁၆၃ ဦး၊ ဂျပန်နိုင်ငံသား ၅၁ ဦးနှင့် စင်ကာပူနိုင်ငံသား ခြောက်ဦးတို့ လိုက်ပါသွားကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ အဆိုပါလေယာဉ်သည် အောက်တိုဘာ ၁၄ ရက် ညအစောပိုင်းတွင် ဆိုးလ်မြို့အနီးရှိ လေဆိပ်တစ်ခုသို့ ဆင်းသက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းကဆိုသည်။

အစ္စရေးနိုင်ငံရောက် ဂျပန်နိုင်ငံသားများအား တောင်ကိုရီးယားကယ်ဆယ်ရေးလေယာဉ်ဖြင့် ခေါ်ဆောင်ပေးနိုင်ပါရန် တောင်းဆိုချက်ကို အစ္စရေးနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှတစ်ဆင့် အီးမေးလ်ပေးပို့ခဲ့သဖြင့် လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရသတင်းရင်းမြစ်များက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေး-ပါလက်စတိုင်း တိုက်ပွဲများကြောင့် သေဆုံးသူ ၃၀၀၀ ကျော်ရှိ

**တိုကျို အောက်တိုဘာ ၁၄**

အစ္စရေးနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့ကြားဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် သေဆုံးသူဦးရေ စုစုပေါင်း ၃၀၀၀ ကျော် တိုးမြှင့်လာခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၁၇၉၉ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၁၃ ရက်တွင် ကြေညာသည်။ အလားတူပင် အစ္စရေးဘက်ခြမ်းတွင် တိုက်ပွဲများကြောင့် အနည်းဆုံး လူ ၁၃၀၀ သေဆုံးခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ထုတ်ဖော်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအားလေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။


ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၀ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ပြည်မြို့နယ်တို့၌လည်းကောင်း၊ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးမြို့ သင်ကြားရေးဆေးရုံကြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မကွေး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ်(စနေနေ့တိုင်း)စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးမြို့ သင်ကြားရေးဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ သင်ကြားရေးဆေးရုံကြီးဝင်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင် ကြည့်ရှုအားပေးသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၃၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့အတူ တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးတွင် မြို့ရွာသန့်ရှင်းသာယာလှပစေရေး ဘုရားစေတီပုထိုးများ၊ ရုံးဌာနအဆောက်အအုံများနှင့် ကျောင်းပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို အပတ်စဉ် (စနေနေ့တိုင်း) တိုင်းလုံးကျွတ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသ

**နေပြည်တော် အောက်တိုဘာ ၁၄**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာ နှစ်ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် အသည်းအစားထိုး လူနာသုံးဦးကိုလည်းကောင်း၊ တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**



အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာအလုပ်သင်ဗိုလ် ဇော်မင်းလတ်(ငြိမ်း)နှင့် တူဖြစ်သူ အသည်းအလှူရှင် ကိုငြိမ်းချမ်းအောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၇ နာရီ မိနစ် ၅၀ တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု / ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# မောင်တောမြို့နယ်၌ အကောက်ခွန်မဲ့ပစ္စည်းများ ရောင်းချမှုမရှိစေရေး ရှောင်တခင်စစ်ဆေး

**မောင်တော အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့မှ ဈေးကွက်အတွင်း လိုင်စင်မဲ့/အကောက်ခွန်မဲ့ တင်သွင်းထားသော မော်တော်ဆိုင်ကယ်များ ရောင်းချမှုမရှိစေရေး စစ်ဆေးခြင်းကို ယမန်နေ့ က မြို့ပေါ်ရှိ မော်တော်ဆိုင်ကယ်အရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေးသည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်ဝင်းထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းနိုင်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အတွင်းရေးမှူး မြို့နယ်အကောက်ခွန်ဦးစီးမှူး ဦးဇင်အောင်ထက်နှင့် အဖွဲ့ဝင်များက မြို့မအရှေ့ရပ်ကွက် ဦးဥတ္တမလမ်းရှိ "မေတ္တာမွန်" ဆိုင်ကယ်အရောင်းဆိုင်၊ "အောင်မြတ်မင်း" ဆိုင်ကယ်အရောင်းဆိုင်၊ "ရွှေလင်းပိုင်"ဆိုင်ကယ်အရောင်းဆိုင်၊ အာယုခါန်းပိုင်ဆိုင်သော ဆိုင်ကယ်အရောင်းဆိုင် လေးဆိုင်အား သွားရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါ ဆိုင်ကယ်ရောင်းဝယ်ရေးအရောင်းဆိုင်တို့၌ တရားမဝင်လိုင်စင်မဲ့၊ အကောက်အခွန်မဲ့တင်သွင်းထားသည့် ဆိုင်ကယ်များ ရောင်းချမှုမရှိစေရေး ရှောင်တခင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြရာ မေတ္တာမွန်ဆိုင်ကယ်အရောင်းဆိုင်တွင် မှတ်ပုံတင်စာအုပ်တင်ပြနိုင်ခြင်းမရှိသေးသည့် မော်တော်ဆိုင်ကယ် ခြောက်စီးအား မောင်တောမြို့မရဲစခန်းတွင် သိမ်းဆည်းထားကြောင်း သိရသည်။

**သက်လွင်စိုး၊ အောင်ကျော်စိန် ခရိုင်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပျဉ်းမနား(ဝဲကြီး) တွင် ၂ ဒသမ ၇၆ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၇၁ လက်မ၊ တပ်ကုန်းမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဖောင်းပြင်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ရမည်းသင်းမြို့နှင့် ပေါက်တောမြို့တို့တွင် ၁ ဒသမ ၃၄ လက်မစီ၊ နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်) တွင် ၁ ဒသမ ၂၆ လက်မနှင့် နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်)တွင် ၁ ဒသမ ၂၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်အကြောင်း သိကောင်းစရာ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း (၂)ပိုင်းခွဲ၍ ရှင်းလင်းဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း(၅)ပုဒ် ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်း ခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)အတွက် စုစုပေါင်း ပေးမှတ်မှာ (၃၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား သို့မဟုတ် မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်း အပြည့်အစုံမဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ ကွက်လပ်တွင် ဖြည့်စွက်ရန် လိုအပ်သောစာသားကို ရေးသားဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုရာတွင် နံပါတ်တပ်၍ အဖြေကိုတိကျစွာ ဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅)ခု မေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁) ခုလျှင် ပေးမှတ် (၂) မှတ်ဖြစ်သဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်(၅) ခုအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ်ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃)အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်(၁)ပုဒ်ပေးထားပြီး (ရွေးချယ်ရန်အပုဒ်အပိုမပေးထား) မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသော ကိန်းဂဏန်းများနှင့် အချက်အလက်များကိုအသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သီအိုရီသဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၅) မေးခွန်းခွဲ(က)၊ (ခ) နှင့် (ဂ)မှ နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား (၅)မျိုးပါဝင်သည့် မေးခွန်း (၅)ပုဒ် ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းတို့ ဖြစ်သည်။ စုစုပေါင်း မေးခွန်း (၅)ပုဒ် စလုံးကို ဖြေဆိုရမည်ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်း နံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀ )ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၅) ခု | (၅) ခု<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄။ | မှတ်စုရှည် | (၁) ပုဒ် | (၁) ပုဒ်ဖြေ<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀ ) မှတ် |
| ၅ | ၅။ | တွက်ချက်မှုနှင့်သုံးသပ် ဖြေဆိုမှု | (၃) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀ ) မှတ် |

**ဖြေဆိုပုံဖြေဆိုနည်း**

မေးထားသော မေးခွန်း (၅)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း (၁)ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း (၁-က) ။ ။ ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော ဖော်ပြချက်ကို မှားသလား (သို့) မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ရေးရန်မလိုဘဲ ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန် ဖြစ်သည်။ ဥပမာ - 'ကာလတို စုစုပေါင်း ရောင်းလိုအားမျဉ်းကွေးသည် အပေါင်းလက္ခဏာလျှောစောက် ရှိသည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍မရသော၊ မှား/မှန် မကွဲပြားသောအဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ။ ။ ဤမေးခွန်းတွင် ပေးထားသောဖော်ပြချက်များအတွက် အဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု (၃)မျိုးပေးထားပြီး ယင်းအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်သည်။ ဥပမာ 'စက်မှုနှင့် စားသုံးကုန်စည်များ ထုတ်လုပ်သောလုပ်ငန်းများမှာ (က) ကုန်ထုတ်လုပ်ငန်း၊ (ခ) ဝန်ဆောင်မှုလုပ်ငန်း၊ (ဂ) ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (က) ကုန်ထုတ်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁) အတွက် အဖြေကို (၁) (က) ဟု ဖြေဆိုရန်ဖြစ်သည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ် (၁၀)မှတ် ဖြစ်သည်။

မေးခွန်း (၁-ဂ) ။ ။ ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန် ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ ဥပမာ- ' စုစုပေါင်း စရိတ်မှ စုစုပေါင်းစရိတ်ရှင်ကို နုတ်ခြင်းဖြင့် ____________ ကိုရရှိသည်။' ဟူသော မေးခွန်းအတွက် အဖြေမှာ 'စုစုပေါင်းပုံသေစရိတ်' ဖြစ်ရာ ယင်းအဖြေကိုသာနံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁) ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒွါဒသမတန်းဘောဂဗေဒ ကျောင်းသုံးစာအုပ်တွင် သင်ခန်းစာ အခန်းတိုင်း၏အဆုံး၌ ဓမ္မဓိဋ္ဌာန်မေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသားများအနေဖြင့် လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက် (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂) မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၁)ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း (၁)ပုဒ်စီအတွက် ပေးမှတ်မှာ (၂၀) မှတ်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာ စစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် (၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့်မေးခွန်းများကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ မေးခွန်း (၃)ခု မေးထားပြီး နှစ်သက်ရာ (၂)ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

သင်ခန်းစာ (၈)ခန်း ရှိသည့်အနက် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို မေးနိုင်သည့်အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃) နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

(က) အခန်း(၁) 'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'တွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ အခြားဝယ်လိုအားအလျော့အတင်းများနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသောမေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကို ပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသော အလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်း ဖြေဆိုရမည်။

**ဤအခန်းတွင်သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော ဝယ်လိုအား အလျော့အတင်း တန်ဖိုးအရ ကုန်စည်၏ဝယ်လိုအား အလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို တွက်ချက်မှုမပြုလုပ်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေပြောင်းလဲမှုအရလည်း ကုန်စည်၏ ဝယ်လိုအားအလျော့အတင်း *စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

အနည်း/အများကို သုံးသပ်နိုင်ကြောင်း သိရှိထားရန်လိုအပ်ပါသည်။ ဥပမာ အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့်အရေအတွက်များကို ဖော်ပြထားသည် -

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |

**ဇယားပါအချက်အလက်များအရ "ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖော်ပြပါ" ဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ($E_d$)ကို တွက်ချက်ဖော်ပြရန် မလိုအပ်ပါ။** ဈေးနှုန်းနှင့် အရေအတွက်ကို မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါ ဇယားအရ ဈေးနှုန်း (၇၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၇၀) ကျပ် x (၂) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ]၊ ဈေးနှုန်း (၆၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၆၀) ကျပ် x (၄) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၅၀) ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၅၀) ကျပ် x (၆) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိသည်။ ဈေးနှုန်းသည် (၇၀) ကျပ်မှ (၆၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရေအတွက်သည် (၂) ယူနစ်မှ (၄)ယူနစ်သို့ တိုးလာပြီး ရောင်းရငွေမှာ (၁၄၀) ကျပ်မှ (၂၄၀) ကျပ်သို့ တိုးသွားသည်။ ဈေးနှုန်း၊ ရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်း၏ ဆက်စပ်မှုအရ ဈေးနှုန်းကျသော်လည်း ရောင်းရငွေတိုးလာသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ အလားတူပင် ဈေးနှုန်းသည် (၆၀) ကျပ်မှ (၅၀) ကျပ်သို့ ကျဆင်းသွားသောအခြေအနေအတွက် ဝယ်လိုအားအလျော့အတင်း များသည်ဟု သုံးသပ်နိုင်သည်။

အောက်ဖော်ပြပါဇယားတွင် ဈေးနှုန်းနှင့်ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည် -

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း ($E_d$) |
|---|---|---|---|
| ၃၀ | ၁၀ | ၃၀၀ | - |
| ၂၀ | ၁၂ | ၂၄၀ | နည်း |
| ၁၀ | ၁၄ | ၁၄၀ | နည်း |

**ဇယားပါအချက်အလက်များအရ** ဈေးနှုန်းနှင့် အရေအတွက်ကို မြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကို တွက်ချက်ရရှိမည်။ အထက်ပါဇယားအရ ဈေးနှုန်း(၃၀)ကျပ်တွင် ရောင်းရငွေမှာ (၃၀၀) ကျပ် [ ဈေးနှုန်း (၃၀) ကျပ် x (၁၀) ယူနစ် = ရောင်းရငွေ ၃၀၀ ကျပ် ]၊ ဈေးနှုန်း (၂၀) ကျပ်တွင် ရောင်းရငွေမှာ (၂၄၀) ကျပ် [ ဈေးနှုန်း (၂၀) ကျပ် x (၁၂) ယူနစ် = ရောင်းရငွေ ၂၄၀ ကျပ် ]၊ ဈေးနှုန်း (၁၀) ကျပ်တွင် ရောင်းရငွေမှာ (၁၄၀) ကျပ် [ ဈေးနှုန်း (၁၀) ကျပ် x (၁၄) ယူနစ် = ရောင်းရငွေ ၁၄၀ ကျပ် ] စသဖြင့် တွက်ချက်ရရှိနိုင်သည်။ ဈေးနှုန်းသည် (၃၀) ကျပ်မှ (၂၀) ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသော အရေအတွက်သည် (၁၀) ယူနစ်မှ (၁၂) ယူနစ်သို့ တိုးလာပြီး ရောင်းရငွေမှာ (၃၀၀) ကျပ်မှ (၂၄၀) ကျပ်သို့ လျော့သွားသည်။ ဈေးနှုန်း၊ ရောင်းရငွေနှင့် ဝယ်လိုအားအလျော့အတင်း၏ ဆက်စပ်မှုအရ ဈေးနှုန်းကျဆင်း၍ ဝယ်ယူသည့်အရေအတွက် တိုးလာသော်လည်း ရောင်းရငွေကျဆင်းသွားသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။ ဝယ်ယူသည့်အရေအတွက် တိုးခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားပိုနည်းသောကြောင့် ရောင်းရငွေ လျော့နည်းသွားခြင်း ဖြစ်သည်။ အလားတူပင် ဈေးနှုန်းသည် (၂၀)ကျပ်မှ (၁၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသည့် အရေအတွက် တိုးလာသော်လည်း ရောင်းရငွေကျဆင်းသွားသဖြင့် ဝယ်လိုအားအလျော့အတင်း နည်းသည်ဟု သုံးသပ်နိုင်သည်။

( ခ ) အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ'တွင် စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသော ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

( ဂ ) အခန်း(၃) 'စရိတ်သီအိုရီ'တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံတို့ကို လေ့လာသိရှိထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန်လိုအပ်ပါသည်။ ဥပမာ- မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်း စရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း၊ စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကိုရရှိနိုင်ကြောင်း သိရှိရန်လိုသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသော ကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသောစရိတ်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါမည်။

(ဃ) အခန်း(၇) 'စီးပွားရေးတိုးတက်မှု' တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့်သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကိုလေ့လာထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသော ပုံသေနည်းများကို ဦးစွာဖော်ပြရမည်။ ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသော လက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း– လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍

၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ဈေးဆနှုန်းကိန်း– ၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း–အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ပြည့်နှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့်နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း – ၂၀၁၀၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာ နားလည်တတ်မြောက်စေမှုကို ရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာ လေ့လာထားရန် လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည် မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာ အောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။



ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဖလမ်းမြို့တွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမှတ်(၂၆၈) ခြေလျင်တပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံကြီးပရိဝုဏ်၊ ချယ်ရီခန်းမဆောင်နှင့် သူနာပြုသင်တန်းကျောင်း ပတ်ဝန်းကျင်၌ အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်စဉ်။

ရဲမြင့်အောင်

## မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားမည်

မိတ္ထီလာ အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်အတွက် နှစ်စဉ်အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို ကာလရှည်သင်တန်းများ၊ ကာလတိုသင်တန်းများအဖြစ် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုနှစ်တွင် အခြေခံစက်ချုပ်သင်တန်းကို သင်တန်းသား ၁၀ ဦးဖြင့် သင်တန်းကာလ အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာလ ၁၇ ရက်အထိ တစ်လကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အမျိုးသမီး၊ အမျိုးသားဝတ် အင်္ကျီအမျိုးမျိုး ချုပ်လုပ်နည်းအပြင် Pattern အမျိုးမျိုး ဖြတ်၊ ညှပ်၊ ခေါက် နည်းများကို နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကာ သင်တန်းကြေးအခမဲ့အပြင် သင်တန်းတွင် လိုအပ်သော ပိတ်စများ၊ သင်တန်းသုံးကိရိယာများကိုလည်း အခမဲ့သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်စန်းတင်ထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



# ရိုးရာယဉ်ကျေးမှုတွေကို ပြန်လည်မြင်တွေ့လာစေမယ့် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်

ယဉ်လာဒ်၊ ဓာတ်ပုံ-ကိုရဲဝင်းညွန့် (အင်းလေး)



**အင်းလေး**ဖောင်တော်ဦးဘုရားပွဲတော်ဟာ အင်းသားလူမျိုးတို့ရဲ့ ချစ်စရာကောင်းလှတဲ့ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ ထင်ရှားလှတဲ့ ရိုးရာဘုရားပွဲတော်တစ်ခုလည်းဖြစ်ကာ ရက်အရှည်ကြာဆုံးကျင်းပတဲ့ ဘုရားပွဲတော်တစ်ခု ဖြစ်ပါတယ်။

**ပွဲတော်ရက် ၁၈ ရက်ကြာ ကျင်းပမည်**

အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်ကို သုံးနှစ်ကျော်ကြာ မကျင်းပနိုင်ခဲ့ဘဲ ရပ်နားထားခဲ့ရာမှ ယခုနှစ် အောက်တိုဘာ ၁၅ ရက်မှ စတင်ကာ နိုဝင်ဘာ ၁ ရက်အထိ ပွဲတော်ရက်ကို ၁၈ ရက်တိုင်ကြာမြင့်အောင် ကျင်းပသွားမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ကျော်ကြားခဲ့တဲ့ အင်းလေးရေပေါ်ဈေးတည်ရှိရာ ဒေသလည်းဖြစ်တာမို့ ဒီနှစ်မှာ ပြန်လည်ကျင်းပမယ့် ဘုရားပွဲတော်ဟာ ထူးခြားလှတဲ့ပွဲတော်လို့ ဆိုရပါမယ်။

**ခရီးသွားဧည့်သည်တွေရဲ့ စိတ်ဝင်စားမှုနှုန်း**

တောင်နံရံတွေ ကာဆီးထားတဲ့ အင်းလေးရေပြင်ကျယ်ဟာ ဘယ်အချိန်ကြည့်ကြည့် လာရောက်လည်ပတ်ကြတဲ့ ခရီးသွားဧည့်သည်တွေအတွက် တအံ့တသြ ဖြစ်ရစမြဲပါပဲ။ အင်းလေးဒေသကို လာရောက်ကြတဲ့ ခရီးသွားဧည့်သည်တွေရဲ့ စိတ်ဝင်စားမှုနှုန်းကတော့ အခုထိကို လျော့ကျသွားခြင်းမရှိခဲ့ပါဘူး။

ပြုပြင်ဖန်တီးထားတာမရှိဘဲ ပင်ကိုသဘာဝအလှတရားတွေ၊ ရှုခင်းတွေကြောင့် အင်းလေးဒေသကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်နေကြတာ ဖြစ်ပါတယ်။

ဟိုးအရင်ကထက်စာရင် ဒီသုံးနှစ်ဝန်းကျင်မှာ ဧည့်သည်လာတာ နည်းပါးခဲ့တာမှန်ပေမယ့် စိတ်ဝင်စားမှုအပိုင်းမှာတော့ လျော့ကျမသွားခဲ့ပါဘူး။

အခုနှစ်မှာတော့ ရှမ်းပြည်နယ်အစိုးရက ဦးစီးပြီး အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်။ "ကျွန်တော်တို့ရဲ့ ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာစေဖို့အတွက် အခုလို ပြန်လည်ကျင်းပခဲ့တာ ဖြစ်ပါတယ်"လို့ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဆိုပါတယ်။

**ရိုးရာယဉ်ကျေးမှုဓလေ့တွေကို ပြန်လည်ဖော်ထုတ်ကျင်းပ**

အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်နဲ့ အင်းလေးရေပေါ်ဈေးတို့ဟာ အင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်တွေကို ယှဉ်တွဲမြင်တွေ့ရတဲ့ ရိုးရာဓလေ့တွေဖြစ်ပါတယ်။ မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ပေးနေတဲ့ သုခမိန် ဘုရားဖူးပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက "အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်ကို အခုလို ပြန်လည်ကျင်းပတာဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့သာမက အင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တွေကို ပြန်လည်ဖော်ထုတ်ကျင်းပနိုင်တာကြောင့် ဝမ်းသာဂုဏ်ယူမိပါတယ်"လို့ စာရေးသူကို ပြောပြပါတယ်။

**၂၁ ဌာနသို့ အပူဇော်ခံကြွချီ ပင့်ဆောင်မည်**

အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်မှာ ရှေးရိုးရာအစဉ်အလာအတိုင်း ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်များအား ၂၁ ဌာနသို့ အပူဇော်ခံကြွချီပင့်ဆောင်မှာဖြစ်ပါတယ်။ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူကို သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၅ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (နိုဝင်ဘာ ၁ ရက်) အထိ ၁၈ ရက်ကြာအောင် အင်းလေးဒေသအတွင်း လှည့်လည်ကြွချီအပူဇော်ခံမှာ ဖြစ်ပါတယ်။

သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၅ ရက်) နံနက်ပိုင်းမှာ အင်းလေးဒေသ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်ကြီးမှ ဒေသစာရီ စတင်လှည့်လည်ကြွချီအပူဇော်ခံပွဲ အခမ်းအနားကို ကျင်းပမှာဖြစ်ပြီး ညောင်ရွှေမြို့ကို သီတင်းကျွတ်လဆန်း ၇ ရက် (အောက်တိုဘာ ၂၁ ရက်)မှာ ရောက်ရှိမှာဖြစ်ပြီး သီတင်းကျွတ်လဆန်း ၉ ရက် (အောက်တိုဘာ ၂၃ ရက်) အထိ အပူဇော်ခံထားရှိမှာ ဖြစ်ပါတယ်။

ဖောင်တော်ဦး ကျောင်းတော်မှ စတင်ကြွချီတော်မူမှာဖြစ်ပြီး အင်းတိန်ကြေးပေါင်ခုံကျောင်း၊ အင်းတိန်းစံကျောင်း၊ ဟဲယာရွာမစံကျောင်းမှာ နှစ်ည၊ ငါးဖယ်ချောင်ကျောင်း၊ ကြေးစားကျောင်း၊ ပွဲစားကုန်းကျောင်း၊ လင်းကင်းကျောင်း၊ ညောင်ရွှေမြို့ကျောင်းပေါ်မှာ သုံးည၊ နန်းသဲကျောင်း၊ မိုင်းသောက်ကျောင်း၊ သလဲဦးကျောင်း၊ ကေလာကျောင်း၊ ဇရပ်ကြီးကျောင်း၊ အလိုတော်ပေါက်တောင်ကျောင်း၊ နမ့်ပန်ကျောင်း၊ မန်ကျည်းဆိပ်ကျောင်း၊ ကျိုင်းခမ်းကျောင်း၊ မိုင်းပျိုကျောင်း၊ နောင်တောကျောင်း၊ အင်းပေါခုံကျောင်းနဲ့ ရေသာကျောင်းမှ ဖောင်တော်ဦး ကျောင်းတော်တွေကို ကြွချီပြီး အပူဇော်ခံထားရှိမှာ ဖြစ်ပါတယ်။

**ဟိုတယ်တွေရဲ့ အခြေအနေ ပြန်လည်ကောင်းမွန်စပြုလာ**

ကိုဗစ်ကာလနဲ့ နိုင်ငံရေးအခြေအနေကြားကာလထဲမှာ အင်းလေးဒေသကို ခရီးသွားဧည့်သည်တွေ လာရောက်မှုနည်းပါးခဲ့တာကြောင့် အင်းလေးဒေသကိုမှီခိုပြီး ဖွင့်လှစ်ထားတဲ့ ဟိုတယ်တွေဟာ အရှုံးများစွာနဲ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါတယ်။ အရှုံးကို ကျားကန်ပြီး မားမားမတ်မတ်နဲ့ ရင်ဆိုင်လာပြီး နောက်မှာ အခုဆိုရင်တော့ ဟိုတယ်တွေရဲ့ အခြေအနေကလည်း ပြန်လည်ကောင်းမွန်စပြုလာနေပြီ ဖြစ်ပါတယ်။

"ဒီ့အပြင် အခုလိုမျိုး ပွဲလမ်းသဘင်မျိုးတွေကို ပြန်လည်ကျင်းပတာဟာ ကောင်းမွန်ပါတယ်။ လူတွေအများကြီး သွားကြလာကြမယ်။ ရိုးရာဓလေ့ကို ပြန်လည်မြင်တွေ့စေနိုင်တဲ့ ပွဲတော်တစ်ခု ဖြစ်ပါတယ်"လို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က စာရေးသူကို ပြောပြပါတယ်။

**အင်းလေးဒေသတခွင် ပြန်လည်စည်ကားသက်ဝင်လာမည်**

မည်သို့ပင်ဆိုစေ ကာလကြာရှည်စွာ မကျင်းပနိုင်ခဲ့တဲ့ အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်ကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ဘုရားပွဲတော်ကနေ အင်းလေးဒေသတခွင် ပြန်လည်စည်ကားသက်ဝင်လာတော့မယ်ဆိုတာ ယုံကြည်ရင်း မြန်မာနိုင်ငံအနှံ့က ပြည်သူတွေအနေနဲ့လည်း ဖောင်တော်ဦးဘုရားပွဲတော်ကို သွားရောက်ဖူးမြော်ပြီး ရှမ်းပြည်နယ်ရဲ့ အထင်ကရနေရာတွေကို သွားရောက်လည်ပတ်နိုင်ကြစေဖို့ ဒီတစ်ပတ်အတွက် ရေးသားဖော်ပြပေးလိုက်ရပါတယ်။

◆ ◆ ◆

> **"အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူကို သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၅ ရက်) မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (နိုဝင်ဘာ ၁ ရက်) အထိ ၁၈ ရက်ကြာအောင် အင်းလေးဒေသအတွင်း လှည့်လည်ကြွချီအပူဇော်ခံမှာ ဖြစ်ပါတယ်။ သီတင်းကျွတ်လဆန်း ၁ ရက် (အောက်တိုဘာ ၁၅ ရက်) နံနက်ပိုင်းမှာ အင်းလေးဒေသ နမ့်ဟူးရွာရှိ ရတနာစံကျောင်းတော်ကြီးမှ ဒေသစာရီ စတင်လှည့်လည်ကြွချီအပူဇော်ခံပွဲ အခမ်းအနားကို ကျင်းပမှာ ဖြစ်ပါတယ်"**



ငဖယ်ချောင်ကျောင်းမှ ကြေးစားကျောင်းသို့ အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီလှည့်လည်ကြွချီတော်မူလာသည့် မြင်ကွင်းကို ကိုဗစ်-၁၉ မဖြစ်ပွားမီကာလက တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၀-၂၀၂၃ တနင်္ဂနွေနေ့

**MRTV**

[illegible]

**MITV**

07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:10 Awesome Myanma Sculptures
07:25 Products of Myanmar - Bamboo Hat
07:33 Sayit-wyne Girls
08:01 News
08:27 Products of Myanmar - Myanmar Circular Stone Slab
08:38 Popa Trip
08:49 Mote Sein Paung from Intaing Village
09:01 Thilawa SEZ (Thriving Model Special Economic Zone)
09:20 Today Myanmar: Scenic Spot, Ngwe Hsaung
09:30 Ramayana Classic Talk & Discussion (Episode-2)
10:01 News
09:28 Ancient Shwe-San-Taw Pagoda

**MRTV**

[illegible]

**MRTV News**

MRTV National News

[illegible]

**MRTV Entertainment**

[illegible]

**MRTV Farmer**

Back To Eden Gardening Documentary Film
Last Day of Wheat Harvest!
First Ever Tour of My New Garden
Livestock on the Land-Full-Length

**MRTV Sports**

Sports Diary
MNL 2022 Match(Replay)

MRTV Application

Education Channel




## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

(၁၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တပ်ကုန်းမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြို၍ လူနှစ်ဦးသေဆုံး

**တပ်ကုန်း အောက်တိုဘာ ၁၄**

တပ်ကုန်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၄ ရက် နံနက် ၆ နာရီက ကင်းသာကျေးရွာအုပ်စု ဒေသအခေါ် ဂူဝလျှို၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၊ မိုင်တိုင်အမှတ်၊ ၂၄၅ မိုင်အနီး နေထိုင်လျက်ရှိသော ဦးနိုင်ဦး၏ နေအိမ်ပေါ်သို့ နေအိမ်အနောက်ဘက်မှ အမြင့် ၁၅ ပေခန့်ရှိ တောင်ကမ်းပါးယံ မြေပြိုကျခဲ့ရာ **(အောက်ပုံ)** လူနှစ်ဦးသေဆုံးကြောင်း သိရသည်။

ထို မြေပြိုကျခဲ့မှုကြောင့် အသက် ၃၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက်တစ်နှစ်နှင့် ရှစ်လအရွယ် ယောကျ်ားလေးတစ်ဦးတို့အား တပ်ကုန်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရာ နံနက် ၈ နာရီခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

**တင့်တင့်ခိုင်**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၁၀ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၀ ကျပ် | ၂၂၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၅ ကျပ် | ၂၀၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၈၂ | ၁၆၇၉၈၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၅၈၃ | ၁၇၄၉၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၅၃၅၅ | ၉၁၀၂၀၅၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၂၃၃ | ၅၉၄၁၅၀ |
| EFR | ၂၁၅၀ | ၂၂၀၀ | ၁၅၈ | ၁၆၁၄၇၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၁၂ | ၅၈၆၀၀၀ |
| MAEPC | ၁၇၅၀ | ၁၈၀၀ | ၁၁၀၅ | ၁၉၅၅၅၀၀ |

ညီညီ - စုစည်းသည်

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အထက - (၂) ကျောင်းသန့်ရှင်းရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**လောက်ကိုင် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့တွင် အပတ်စဉ် စနေနေ့တိုင်း မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း/အပြင် သန့်ရှင်းရေးကို အဖွဲ့ ၁၀ဖွဲ့ခွဲ၍ ဆောင်ရွက်သည်။



စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဒေသပြည်သူ့စစ်များ၊ ဌာနဆိုင်ရာများ စုပေါင်းအင်အား ၅၀၀ ခန့်ဖြင့် ရေစီးရေလာ ကောင်းမွန်စေရေး၊ ချုံနွယ်ပိတ်ပေါင်းများ၊ အဆောက်အအုံနှင့်မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ ဆောင်ရွက်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် မိုးကျော်သူ၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် အဖွဲ့ဝင်များ၊ လောက်ကိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုကြကြောင်း သိရသည်။ **နန်းမြမြဝင်း(ပြန်/ဆက်)**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၄**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း အသက် ၈၀နှစ်နှင့် အထက်ဆရာသမားများနှင့် အသင်းဝင် သက်ကြီးဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဦးသိန်းမြင့် စိမ်းလန်းရွှေမြေကုမ္ပဏီက ကျပ် နှစ်သိန်း၊ ဦးထွန်းအောင် (ဂါဒီယန်ဝန်ထမ်းဟောင်း) Gensecon Myanmar Pte က ကျပ်နှစ်သိန်း၊ ဦးမောင်မောင်တီ (သချ်ာ မောင်မောင်တီ)က ကျပ်တစ်သိန်း၊ ကြည့်မြင်တိုင်အထက်လမ်းနေ ဦးသန်းလွင် + ဒေါ်မွန်မွန်သာဆိုင် (ငွေစာရင်းအရာရှိချုပ်- ငြိမ်း) က ကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်းကို အောက်တိုဘာ ၁၁ ရက်က အသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များ လက်ခံယူကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အလုပ်အမှုဆောင်အဖွဲ့များ၊ လှည်းကူးခရိုင် ဘာသာပေါင်းစုံ ခေတ္တဥက္ကဋ္ဌ ဦးအောင်ချိုဝင်းနှင့် အလုပ်အမှုဆောင်များ အောက်တိုဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူ (ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဝင်များ)အတွက် ရေသန့်၊ ကြက်ဥနှင့် အသင့်စားခေါက်ဆွဲထုပ်များ လှူဒါန်းစဉ်။ သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မိုင်းရှူးမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**မိုင်းရှူး အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၌ ဒေသခံပြည်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က မိုင်းရှူးမြို့ ပတ္တမြားခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေးက အသိပညာပေး ဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လင်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ/နည်းဥပဒေပါ ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများ လိုက်နာရှောင်ကြဉ်ရမည့် စည်းကမ်းချက်များ၊ ဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်မှု/ပြစ်ဒဏ်များ၊ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ အမှား/အမှန်သရုပ်ဖော်ပုံများကို ရှင်းလင်းဟောပြောသည်။**(အောက်ပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တက်ရောက်လာသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## နတ်မောက်မြို့နယ်၌ မြို့၊ ရွာ သန့်ရှင်းသာယာ လှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**နတ်မောက် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြို့၊ ရွာ သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းမကြီးသုံးလမ်းရှိ လမ်း/ဘေးဝဲယာများနှင့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းတို့တွင် ယနေ့ နံနက် ၇နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိတို့က လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးခဲ့ရာတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အတွင်း/အပြင်ရှိ ချုံနွယ်များ၊ ပေါင်းမြက်များ၊ ရေမြောင်းများ၊ အမှိုက်များ ရှင်းလင်းခြင်း၊ မြက်ဖြတ်စက်များဖြင့် ရှင်းလင်းခြင်းတို့ကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊



ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်း ၂၃၅ ဦးတို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် လမ်းမကြီးသုံးသွယ်ရှိ ဌာနဆိုင်ရာရုံးရှေ့ မျက်နှာစာများနှင့် လူနေအိမ်များရှိ ခြံစည်းရိုးများ အုတ်တံတိုင်းများတွင် တွယ်ကပ်နေသော ချုံနွယ်များ၊ သစ်ပင်ကြီးများ၏ အောက်ခြေများ ရှင်းလင်းနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**လှဝင်း**

❑ *ကျောဖုံးမှ*

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် မိုးပျံဘောလုံး စတင်ပျံသန်းခြင်းကို ရွှေလေတံခွန် (နီညိုရောင်) Balloonns အဖွဲ့မှ ပိုင်းလော့ KX-Gavm မောင်းနှင်သော XY-AKH နံပါတ်ပါ မိုးပျံဘောလုံးနှင့် ပိုင်းလော့ K-Andy မောင်းနှင်သော XY-AKY နံပါတ်ပါ မိုးပျံဘောလုံး တို့အား တစ်စီးလျှင် လူဦးရေ ၁၆ ဦး လိုက်ပါစီးနင်းခဲ့ပြီး နံနက် ၇နာရီ ၄၅ မိနစ်က ပုဂံမြို့သစ် အရှေ့ဘက် Bagan Lodge ဟိုတယ်၏ အရှေ့တောင်ဘက်တွင် ဆင်းခဲ့ကြောင်း သိရသည်။ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဧရာဝတီမြစ်အလှရှုခင်းများ၊ ထန်းပင်ထန်းတောများ၊ အညာဒေသတွင် ပေါက်ရောက်သည့် ထနောင်းပင်များ၊ တမာပင်များ၊ ရှေးဟောင်းအဆောက်အအုံများကို ပြည်ပခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ လိုက်ပါစီးနင်းမှုများပြားခဲ့ပြီး ကိုဗစ်- ၁၉ ရောဂါကူးစက်မှု မြန်မာပြည်တွင် ကူးစက်မှုရှိလာချိန်မှစတင်ကာ ပျံသန်းမှုများရပ်တန့်ခဲ့ကြောင်း၊ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစတင်ကာ နေ့စဉ်မိုးပျံဘောလုံးများ စတင်ပျံသန်းခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ဒီပါလင်း**

# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**နေပြည်တော် အောက်တိုဘာ ၁၄**
နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက် လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ခိုအောင်းနေထိုင်ပြီး လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နန်းဦးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်သေနတ်အရှည် ၂၁ လက်၊ လက်လုပ်သေနတ် အတို တစ်လက်၊ လက်လုပ်အာပီဂျီ သုံးလက်၊ လက်လုပ်စိန်ပြောင်း ၁၇ လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ရေးနှင့် မသက်ဆိုင်သော ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများကို အသုံးချကာ ခိုအောင်းနေထိုင်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းနေအရွယ် ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ဂျီနီဗာ ကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ခြင်း ဖြစ်ကြောင်းနှင့် အဆိုပါသိမ်းဆည်းရမိ လက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**
တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်က ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘားအံမြို့ ကမော့ကစင် ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Borouge ကော်စေ့ ၁၀၂၅၀ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ လိုင်စင်မဲ့ Suzuki V–50 (Used) မော်တော်ဆိုင်ကယ်တစ်စီးအပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိ**

အောက်တိုဘာ ၁၃ရက်က ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင် တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Gaysorn ဟင်းသီးဟင်းရွက်ဆီ လီတာ ၄၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က တာမွေမြို့နယ်အတွင်းရှိ ဘေထုပ်ရောင်းဝယ်ရေး ဆိုင်များကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မအေး ဘေထုပ်ရောင်းဝယ်ရေးဆိုင်မှ စက်မှုကုန်ကြမ်းဘေထုပ် ၂၀၃ထုပ် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ**

ထို့အတူ အောက်တိုဘာ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ် – မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ် ၂၄ မိုင် ၃ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် TV Stand အခု ၈၀ ၊ စက်မှုကုန်ကြမ်း (ဘေထုပ်) ကီလိုဂရမ် ၉၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၂၇၉၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀) ကိုလည်းကောင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမွဝတီ ရပ်ကွက် အမှတ်–၄၈၂ ရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Leo Beer ၅၃၅၂ ဘူး၊ Dutch Mill ဒိန်ချဉ် ၂၇၆၅ လီတာ၊ Yum Yum ခေါက်ဆွဲခြောက် ကီလိုဂရမ် ၃၄၂၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၂၀၄၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၅၄၈၃၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၂ မှု**

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၃ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၃၇၈၃၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**



# မကာအိုအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအကျော့ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း မကာအိုသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၄**
မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ယှဉ်ပြိုင်ရန် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက မကာအိုသို့ ထွက်ခွာသွားသည်။

